Japan-ASEAN Cooperation

Ministry of Cooperatives and SME
Republic of Indonesia

အာဆီယံပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအမှတ်စဉ် - **IND/SME/11/003/REG**

# အာဆီယံဒေသတွင်း ရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်မှုမှသည် ကျေးလက်ဒေသ လူမှုစီးပွားဘဝမြှင့်တင်ရေး လှုပ်ရှားမှု

# လမ်းညွှန်

Ministry of Cooperatives and SME Republic of Indonesia
Jl. H.R. Rasuna Said Kav. 3-5 Kuningan
Jakarta 12940

အာဆီယံပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအမှတ်စဉ် - IND/SME/11/003/REG

# အာဆီယံဒေသတွင်း ရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်မှုမှသည် ကျေးလက်ဒေသ လူမှုစီးပွားဘဝမြှင့်တင်ရေး လှုပ်ရှားမှု

# လမ်းညွှန်

Ministry of Cooperatives and SME Republic of Indonesia
Jl. H.R. Rasuna Said Kav. 3-5 Kuningan
Jakarta 12940

အာဆီယံ စီးပွားရေး အသိုက်အဝန်းတွင် လူမှုစီးပွားဘဝများ မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်း ပေါင်းစည်းဆောင်ရွက်မှုနှင့်အတူ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်ရန် အားပေးမြှင့်တင် ဆောင်ရွက်ရေး အသိပညာနှင့် အလေ့အထကောင်းများကို ဝေမျှဖော်ပြထားသော

"ရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်မှုမှသည် ကျေးလက်ဒေသလူမှုစီးပွားဘဝ မြှင့်တင်ရေးဆိုင်ရာ အာဆီယံ ဒေသတွင်း လမ်းညွှန် (**OVOP Guide Book**)" ကို ပုံနှိပ် ဖြန့်ဖြူးခွင့်ပေးပါသော အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း နှင့်

"လူမှုစီးပွားမြှင့်တင်ရန် ဒေသထုတ်ကုန်တစ်ခု ထုတ်လုပ်ဖို့ အားပေးမြှင့်တင်ကြပါစို့"

(အေးအေးဝင်း)

ဒုတိယညွှန်ကြားရေးမှူးချုပ်

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန

စက်မှုဝန်ကြီးဌာန

## အာဆီယံသမိုင်း

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၈)ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့က "အာဆီယံ ကြေညာ စာတမ်း" ကို လက်မှတ်ရေးထိုး၍ စတင်ထူထောင်ခဲ့ကြသည်။ ၎င်းကြေညာစာတမ်းကို "ဘန်ကောက် ကြေညာစာတမ်း" ဟူ၍လည်း သိကြသည်။ ထို့နောက် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့တွင် ဘရူးနိုင်း၊ ဒါရုဆလမ်နိုင်ငံ၊ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့တွင် လာအိုနှင့် မြန်မာနိုင်ငံ၊ ၁၉၉၉ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ အသီးသီး တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လာ၍ လက်ရှိအဖွဲ့ဝင် (၁၀)နိုင်ငံအထိ ရှိလာခဲ့သည်။

စာမျက်နှာ (၂)မျက်နှာပါရှိသော အဆိုပါ "အာဆီယံ ကြေညာစာတမ်း" တွင် အသင်း၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များကို ဖော်ပြထားပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ ပညာရေးနှင့် အခြားသော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမျှတမှုကို လေးစားရေးနှင့် တရားဥပဒေစိုးမိုးရေး၊ "ကုလသမဂ္ဂပဋိညာဉ်စာတမ်း" ပါ အခြေခံမူများကို လိုက်နာခြင်းတို့ဖြင့် ဒေသ ဆိုင်ရာ ငြိမ်းချမ်းတည်ငြိမ်ရေးတို့ကို မြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ဖော်ပြထား သည်။ အတူတကွ ငြိမ်းချမ်းတည်ငြိမ်စွာ နေထိုင်လာကြသည့် အရှေ့တောင်အာရှနိုင်ငံများ၏ ပေါင်းစည်း ညီညွတ်မှုအတွက်လည်းကောင်း၊ ဂရုဏာစိတ်ရှိကြသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရှုမြင်လျက် လည်းကောင်း၊ ၂၀၂၀ ခုနှစ်ရောက်ချိန်တွင် "အာဆီယံအသိုက်အဝန်း" တစ်ရပ်ဖြစ်ပေါ်လာစေရန်အတွက် အာဆီယံခေါင်းဆောင်များက ၂၀၀၃ ခုနှစ်တွင် စည်းဝေးတိုင်ပင်ဆုံးဖြတ်ခဲ့ကြသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်ရောက်ချိန်တွင် "အာဆီယံ အသိုက်အဝန်း" အကောင်အထည်ဖော်မှုကို အရှိန်ရလာစေရန်အတွက် ရှေ့တိုး၍ အကောင်အထည်ဖော်ကြရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ၂၀၀၇ ခုနှစ်တွင် ခေါင်းဆောင်များမှ အတည်ပြု၍ ကတိကဝတ်ပြုခဲ့ကြသည်။

"အာဆီယံ အသိုက်အဝန်း" ၏ အဓိကမဏ္ဍိုင်ကြီး (၃)ခုဖြစ်ကြသည့် "အာဆီယံဒေသ၏ ASCC လုံခြုံမှုအသိုက်အဝန်း၊ "အာဆီယံ စီးပွားရေးအသိုက်အဝန်း" နှင့် "အာဆီယံ လူမှုယဉ်ကျေးမှု အသိုက် အဝန်း" တို့သည် "အာဆီယံကြေညာစာတမ်း" ၏ လမ်းညွှန်မှုအောက်မှ အာဆီယံနိုင်ငံများ၏ ဒေသတွင်း ပေါင်းစည်းမှုအတွက် အကောင်အထည်ဖော်သွားပါမည်။

"အာဆီယံ ပဋိညာဉ်စာတမ်း" သည် အာဆီယံအသိုက်အဝန်း၏ တရားဥပဒေအရ ရပ်တည်မှုနှင့် ဖွဲ့စည်းပုံအခြေခံမှုများကို ဖော်ပြပြီး အာဆီယံ၏ စံနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ တန်ဖိုးသတ်မှတ်ချက်များကို စီရင်ပေါင်းစုထားပါသည်။ ထို့အပြင် ၎င်းစာတမ်းသည် တာဝန်ယူဆောင်ရွက်မှုနှင့် သတ်မှတ်ချက်နှင့်အညီ လိုက်နာမှုရှိရေးတို့အတွက် ရှင်းလင်းသည့် ရည်မှန်းချက်နှင့် လမ်းညွှန်ချက်များကို ဖော်ပြထားသည်။

၎င်းကြေညာစာတမ်းသည် ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်တွင် အသက်ဝင်လာသည်ဖြစ်ရာ၊ အာဆီယံ၏ အသစ်ဖြစ်သော ဥပဒေဆိုင်ရာ အခြေခံအုတ်မြစ်တစ်ရပ်အဖြစ်လည်းကောင်း၊ "အာဆီယံ အသိုက်အဝန်း" ထူထောင်ရေးဖြစ်စဉ်ကို အားကောင်းအောင် မောင်းနှင်ပေးသည့် စက်ယန္တရားအဖြစ်လည်းကောင်း စတင်ထမ်းဆောင်မည်ဖြစ်သည်။

## အာဆီယံဒေသတွင်း ရွာတစ်ရွာ ထုတ်ကုန်တစ်ခုထုတ်လုပ်မှုမှသည် ကျေးလက်ဒေသလူမှုစီးပွားဘဝ မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းမန်နေဂျာ Mr. I Wayan Dipta ၏ ဥယျောဇဉ်



အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ဆင်းရဲနွမ်းပါးသူ အများစုမှာ ကျေးလက်ဒေသများတွင် အများဆုံး နေထိုင်ကြပြီး၊ အများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အပေါ်အခြေခံ၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ၎င်းတို့၏ ဘဝနေထိုင်မှု အခြေအနေများကြောင့် အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကိုပင် လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြပေ။ ဆင်းရဲနွမ်းပါးသူအများစုမှာ မြို့ပြ ဒေသများသို့ ပြောင်းရွှေ့နေထိုင်၍ လက်ခစားအလုပ်များ လုပ်ကိုင်ကြရပါသည်။ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှုသည် မြို့ပြ ဒေသများတွင်သာမက ကျေးလက်ဒေသများ၏ လူဦးရေသိပ်သည်းမှု အနေအထား အရစိန်ခေါ်မှုကို ဖြစ်စေပါသည်။

သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု အများဆုံးရှိနေသော အိုအိတ (**Oita**)ဒေသရှိ မြို့တော်ဝန် **Mr. Marilita Hiramatsu** မှ ၁၉၇၉ ခုနစ်တွင် "တစ်ရွာတစ်ဒေသ ထုတ်ကုန်တစ်ခု" (**One Village One Product**)အရွေ့မှသည် ဆင်းရဲနွမ်းပါးမှုလျော့ချ၍ လူမှုစီးပွားဘဝ မြှင့်တင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းစီမံကိန်း (**Program**)သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တဖြည်းဖြည်းနှင့် အောင်မြင်စေသည်မှာ သေချာပါသည်။ သက်သေသာဓကအနေဖြင့် အိုအိတ (**Oita**)ဒေသသည် ဂျပန်နိုင်ငံ၏ တတိယမြောက် အချမ်းသာဆုံးဒေသ ဖြစ်လာခဲ့ပြီး၊ မြို့တော်ဝန်ကြီး **Mr. Hiramatsu** သည်လည်း (၆)ကြိမ်တိုင်တိုင် မြို့တော်ဝန်အဖြစ် ရွေးချယ်ခံ ခဲ့ရပါသည်။

ဂျပန်နိုင်ငံ၏ တစ်ရွာတစ်ဒေသ ထုတ်ကုန်တစ်ခု အောင်မြင်မှု၏ အလေ့အထကောင်းများကို ဖွံ့ဖြိုးပြီး နှင့် ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံအများစုမှ လက်ခံကျင့်သုံးလာကြပါသည်။ အာဆီယံနိုင်ငံများတွင် စင်္ကာပူ နိုင်ငံတစ်နိုင်ငံမှလွဲ၍ ကျန်နိုင်ငံများတွင် ဂျပန်နိုင်ငံ၏ တစ်ရွာတစ်ဒေသ ထုတ်ကုန်တစ်ခု မြှင့်တင်ရေး ဆိုင်ရာ စီမံကိန်းများကို အတုယူ၍ ပါဝင်ဆောင်ရွက်လျက် ရှိကြပါသည်။

အာဆီယံနိုင်ငံများ၏ တစ်ရွာတစ်ဒေသ ထုတ်ကုန်တစ်ခု စီမံကိန်းအရ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံကောင်းများ၏ အလေ့အထနှင့် အကောင်းဆုံး ကျင့်ထုံးများကို လေ့လာရာတွင် အာဆီယံ အသေးစား နှင့်အလတ်စား အေဂျင်စီလုပ်ငန်များ၏ လုပ်ငန်းကော်မတီဝင်ဖြစ်သော အင်ဒိုနီးရှားနိုင်ငံမှ ဦးဆောင်ဦးရွက်ပြု၍ အာဆီယံ - ဂျပန်ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်

ဒေသရှိ **SME** များကို အခြေခံ၍ ဒေသတစ်ခုချင်းလိုက် အခြေခံအချက်အလက်များအရ နိုင်ငံ တစ်ခုချင်း အလိုက် အလေ့အထနှင့် အကောင်းဆုံးကျင့်ထုံးများကို နှိုင်းယှဉ်လေ့လာခြင်းနှင့် ဆွေးနွေးညှိနှိုင်းပွဲများ ပြုလုပ်၍ ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ ဖြိုးရေးအတွက် အဓိကရည်ရွယ် ဆောင်ရွက်ခဲ့ပါသည်။ ဤအာဆီယံဒေသတွင်း တစ်ရွာတစ်ဒေသ ထုတ်ကုန်တစ်ခု မြှင့်တင်ရေးစီမံကိန်း၏ လေ့လာမှုများအရ၊ အာဆီယံနှင့် ဂျပန်နိုင်ငံများ၏ အောင်မြင်ပြီးသော ကောင်းမွန်သည့် အလေ့အထများကို လမ်းညွှန် **(guide line)** သဖွယ် အသုံးပြု၍ ကျေးလက်ဒေသများရှိ လူအများ၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။ နိုင်ငံတစ်ခုချင်း အလိုက် အလေ့အထနှင့် အကောင်းဆုံးကျင့်ထုံးများ စုဆောင်းမှုကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်မှ စတင်၍ ၂၀၁၄ ခုနှစ်၊ မတ်လ (၁၅)ရက်နေ့အထိ ဆောင်ရွက်ခဲ့ကြပါသည်။

အာဆီယံ၏ တစ်ရွာတစ်ဒေသ ထုတ်ကုန်တစ်ခု ထုတ်လုပ်မှုလမ်းညွှန် ထွက်ပေါ်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော အာဆီယံစီမံကိန်းအဖွဲ့ဝင်များအား ကျေးဇူးဥပကာရ တင်ရှိရပါသည်။ ဤရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်မှုမှသည် ကျေးလက်ဒေသလူမှုစီးပွားဘဝ မြှင့်တင်ရေးဆိုင်ရာ အာဆီယံဒေသတွင်း လမ်းညွှန် **(OVOP Guide Book)**ပါ အလေ့အထကောင်းများကို အခြေခံ၍ အနာဂတ်တွင် အာဆီယံဒေသတွင်း ကျေးလက်ဒေသပါမကျန် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီးလျှင် အောင်မြင်တက်ကြွသော အာဆီယံဒေသတစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားနိုင်မည်ဟု ကျွန်ုပ် အနေဖြင့် ယုံကြည်မိပါသည်။

ကျေးဇူးတင်စွာဖြင့်

အိုင်ဝေယံဒီပ

စီမံကိန်းမန်နေဂျာ

ဂျာကာတာမြို့၊ ဇန်နဝါရီလ (၁၁)ရက် ၂၀၁၄ ခုနှစ်

# ASEAN PROJECT TEAM

**IMPROVEMENT RURAL LIVING CONDITION THROUGH ONE VILLAGE ONE PRODUCT (OVOP) MOVEMENT**

I Wayan Dipta, Deputy Minister of Production,
Ministry of cooperatives and SMEs, Republic of Indoesia-**Project Manager**
wayan dipta@yahoo.com

Dr. bagus Santoso, DEFINIT-**Project Coorinator**
BagusSantoso@DEFINIT.Asia.
bajussantoso@yahoo.co.uk

Dr. Agung Nur Fajar, Arach Cipta Guna - **Local Researcher**
acg1@indosat.net.id
agungnurfajar01@gmail.com

Gunawan Sumodiningrat, DEFINIT - **Local Researcher**
Astrid Maulida, DEFINIT - **Local Researcher**
Vica Sakit Mantong Tencenan, DEFINIT - **Local Researcher**
Anitha Marlius, Arac Cipta Guna - **Local Researcher**

## Resource Person

1. Mr. Chhea Layly from Cambodai
2. Dr. Ei Shwesin Htun from Myanmar
3. Mr. Misle Bin Haji Abd Karim from Breune Darussacam
4. Mr. Haji MD Aziman bin Hasi Tengah from Brune Darussancam
5. Mr. Elvifa I Tan from Philippines
6. Mr. Kao Muy Thang from Cambodai
7. Mr. Vu Xuan Thuyen from Vietnam
8. Mr. AB Ghani Bin Ariffin from
9. Mr. Ton Gia Hoa from Vietnam

# မာတိကာ


အာဆီယံသမိုင်း ............................................ ၃

ဥပယောဇဉ် ............................................ ၅

အာဆီယံ OVOP စီမံကိန်းအဖွဲ့ ............................................ ၇

မာတိကာ ............................................ ၈

၁။ နိဒါန်း ............................................ ၉
- ၁.၁ **OVOP Program** ၏ အခြေခံသဘောတရားများ ............................................ ၁၂
- ၁.၂ အာဆီယံဒေသအတွင်းရှိ **OVOP Program** ၏ သဘောတရားများ ............................................ ၁၃
- ၁.၃ အစီရင်ခံစာအကျဉ်းချုပ် ............................................ ၁၅

၂။ **OVOP Program** အစီအစဉ်အတွက် စံနူန်းများရွေးချယ်ခြင်းနှင့် အားပေးမြှင့်တင်မှု အစီအစဉ်များ ............................................ ၁၇
- ၂.၁ **OVOP Program** အစီအစဉ်အတွက် စံနူန်းများရွေးချယ်ခြင်း ............................................ ၁၇
- ၂.၂ **OVOP Program** ဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးမြှင့်တင်မှု အစီအစဉ်များ ............................................ ၂၀

၃။ ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများတွင် **OVOP Program** အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် အလေ့အထကောင်းများ ............................................ ၂၂
- ၃.၁ ဂျပန် ............................................ ၂၂
- ၃.၂ ဘရူနိုင်း ............................................ ၂၄
- ၃.၃ ကမ္ဘောဒီးယား ............................................ ၂၆
- ၃.၄ အင်ဒိုနီးရှား ............................................ ၂၉
- ၃.၅ လာအို ............................................ ၃၀
- ၃.၆ မလေးရှား ............................................ ၃၃
- ၃.၇ မြန်မာ ............................................ ၃၅
- ၃.၈ ဖိလစ်ပိုင် ............................................ ၃၇
- ၃.၉ ထိုင်း ............................................ ၃၉
- ၃.၁၀ ဗီယက်နမ် ............................................ ၄၃

၄။ အာဆီယံဒေသရှိ OVOP Program ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းဗျူဟာ ........................ ၄၆

၅။ တစ်ဒေသထုတ်ကုန်တစ်ခု OVOP Program အကောင်အထည်ဖော်ဆောင်ရွက်မှု ........ ၅၁
၅.၁ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အစီအစဉ်များ ................................ ၅၁
၅.၂ ခေါင်းဆောင်မှုစွမ်းရည် ........................................................................................ ၆၀
၅.၃ ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများနှင့် အားကောင်းသည့် အထောက်ပံ့များ ... ၆၁
၅.၄ အချက်အလက်စုဆောင်းခြင်း၊ သတ်မှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း ......... ၇၄

၆။ နောက်ဆက်တွဲ ........................................................................................................ ၇၉
နောက်ဆက်တွဲ (က) OVOP အစီအစဉ်အတွက် လျှောက်လွှာပုံစံ ....................................... ၇၉
နောက်ဆက်တွဲ (ခ) OVOP ဆောင်ရွက်ရန် ရွေးချယ်မှုပုံစံအချက်အလက်များ .............. ၈၇
နောက်ဆက်တွဲ (ဂ) ASEAN SMEWG ၏ Focal Point မှ ထောက်ခံစာ ........................ ၉၁
နောက်ဆက်တွဲ (ဃ) OVOP ၏ Focal Point မှ ထောက်ခံစာ ........................................... ၉၂

၇။ ကိုးကားချက် ........................................................................................................ ၁၀၉



F2-A

# အခန်း(၁)

## နိဒါန်း

ဂျပန်နိုင်ငံမှ စတင်ခဲ့သည့် "တစ်ရွာတစ်ဒေသ ထုတ်ကုန်တစ်ခု" စီမံကိန်း (OVOP Program) သည် ၁၉၇၉ ခုနှစ်မှစတင်၍ ဒေသဆိုင်ရာ လူမှုစီးပွားဘဝ မြှင့်တင်ရေးပရိုဂရမ်အဖြစ် စတင်လုပ်ရှားခဲ့ပါသည်။ ယင်းလှုပ်ရှားမှုသည် ဂျပန်နိုင်ငံ၊ အိုအိတ (Oita) ဒေသ၏ အုပ်ချုပ်သူ **Dr. Marihilco Hiramatsu** မှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ **OVOP Movement** ၏ လှုပ်ရှားမှုသည် ဒေသတွင်းထုတ်ကုန်များအား သင့်တော်သော ပြောင်းလဲမှုများဖြင့် ဒေသတွင်း၊ တိုင်းပြည်အတွင်းသာမက ကမ္ဘာ့ဈေးကွက်ထဲပါ ယှဉ်ပြိုင်ခြင်းဖြင့် ဒေသတွင်း ဆိုင်ရာစီးပွားရေးပရိုဂရမ်၏ အောင်မြင်မှုတစ်ခု ဖြစ်စပြုလာခဲ့ပါသည်။ **OVOP Program** သည် ဒေသဆိုင်ရာ ယဉ်ကျေးမှု၊ အရင်းအမြစ်ကောင်းများ၏ မတူညီသော ထုတ်ကုန်အပေါ် အလေးထားသည့် **Program** ဖြစ်ပါသည်။ ထို့အပြင် **OVOP Program** သည် ကျေးရွာစီးပွားရေးအင်အား၊ ဒေသဝင်ငွေ၊ လူမှုရေးဆိုင်ရာ စုစည်းညီညွတ်မှုနှင့် ၎င်းတိုးတက်ကောင်းမွန်မှုတို့မှတစ်ဆင့် ဂျပန်နိုင်ငံ၊ အိုအိတ (Oita) ဒေသခံများ၏ သက်သာချောင်ချိရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ထိုကဲ့သို့သော တိုးတက်မှုများကြောင့် ယင်းကျေးရွာအတွင်းရှိသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှလဲ ဂုဏ်ယူဝင့်ကြွားမှုများ တိုးပွားလာခဲ့ရပါသည်။

ဂျပန်နိုင်ငံ၊ အိုအိတ (Oita) ဒေသရှိ **OVOP Program** လှုပ်ရှားမှု၏ အောင်မြင်မှုသည် တိုင်းပြည်တချို့ ၌ အထူးသဖြင့် ကျေးလက်ဒေသများတွင် **OVOP Program** လှုပ်ရှားမှုမှ ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေး ဖွံ့ ဖြိုးတိုးတက်မှုပုံစံများကို နမူနာယူပြီး ပြုပြင်မွမ်းမံမှုများပြုလုပ်ရန် လှုံ့ဆော်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ လက်ရှိတွင် **OVOP Program** လှုပ်ရှားမှုသည် ကမ္ဘာတစ်ဝှမ်းရှိ အခြား တိုင်းပြည်များသို့ ဖြန့်ကျက်နိုင်ခဲ့ပြီး လှုပ်ရှားရေးအဖွဲ့ အစည်းများ၏ ရည်ရွယ်ချက်အရ နိုင်ငံအလိုက် အမည်အမျိုးမျိုးဖြင့် ဆောင်ရွက်နေကြပါသည်။ ၎င်းတို့အနက်မှ အဖွဲ့အစည်းတချို့၏ အမည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

1. **Brunie: One Kampung One Product (IK1P)**
2. **China: One Factory and One Product, One City One Product, One District one Product (Shanghi-China); One Town One Product and One Capital One Product (Jiangsu-China); One Village One Treasure (Wuhan-China); and One Village One Product (Shanxi and Jiangzi, China);**
3. **Indonesia: One Village One Product, Balik Desa (Back to Village), Agropolite, Minapolitan and Prukab;**
4. **Korea: Seamoul Undong Movement;**
5. **Lao PDR: Neung Phalittaphan Movement;**
6. **Malaysia: Satu Kampung Satue Produk (Malaysian and Brunei), One District One Product, Satu Daerah Satu Industri;**
7. **Mongolia: Neg Bag Neg Shiuldeg Buteegdekhuun; and**
8. **Philippines: One Baranggay One Product, and One Region One Product;**
9. **Thailand and Cambodia: One Tamboen One Product Movement;**
10. **United States of America (USA): One Village One Product Day and One Parish One Product Movement.**

ထိုအချက်များကိုအခြေခံပြီး အာဆီယံ **OVOP Program** ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ (**AMSs**) နှင့် **JAIF** တို့က အာဆီယံဒေသတွင်းလမ်းညွှန်မှု (**Guideline**) များ ရေးဆွဲရန် ဆုံးဖြတ်ခဲ့ပြီး အာဆီယံနိုင်ငံများအတွင်းရှိမူဝါဒရေးဆွဲသူများမှ ထောက်ပံ့ပေးမှုကြောင့် **OVOP Program** သည် အောင်မြင်မှုများ ရရှိခဲ့ပါသည်။ အာဆီယံဒေသတွင်းရှိ ဗဟိုအစိုးရများသည် **OVOP Program** လမ်းညွှန်မှု (**Guideline**) တွင် ဖော်ပြထားသော အကြံပြုချက်များနှင့် အလေ့အထကောင်းများကို ပုံစံယူ၍ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ပုံစံများ ဖြစ်လာစေပါမည်။ နိုင်ငံတစ်ခုချင်းစီ၏ အစိုးရ အုပ်ချုပ်မှုယန္တရား၊ လူမှုရေး၊ စီးပွားရေးအခြေအနေ၊ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် **micro** အငယ်စား လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များနှင့် ညှိနှိုင်း၍ အသွင်ကူးပြောင်း ဆောင်ရွက်ရပါမည်။

## ၁.၁။ OVOP Program ၏ အခြေခံသဘောတရားများ

**OVOP Program** ၏ပုံစံပြုမှုများသည် မိသားစု သက်သာချောင်ချိရေး၊ ကောင်းမွန်သော ဒေသစီးပွားရေးစနစ်၊ မတူညီသော ထုတ်ကုန်များ ဖန်တီးထုတ်လုပ်ခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်ရန်၊ ဒေသတွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းနှင့် ကမ္ဘာ့ဈေးကွက်များတွင် ယှဉ်ပြိုင်ခြင်း စသည့် တိုးတက်ကောင်းမွန်သည့် နည်းလမ်းများဖြင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြင့် စတင်ခဲ့ပါသည်။ ၎င်းဒေသဆိုင်ရာ အဖွဲ့အစည်းသည် ဒေသရှိ သယံဇာတများကို အကောင်းဆုံးအသုံးချခြင်းဖြင့် ဒေသ၏ စီးပွားရေးတစ်ခုချင်းစီကို ဖွံ့ဖြိုးတိုးတက်မှုပုံစံသို့ အဖွဲ့အစည်းအတွင်းတွင် လူမှုရေး၊ စီးပွားရေးကွန်ယက်များ ဖန်တီးခြင်းအားဖြင့် နားလည်သဘောပေါက်စေခဲ့ပါသည်။

**OVOP Program** ဖွံ့ဖြိုးမှုရည်ရွယ်ချက်မှာ ပိုမိုကောင်းမွန်သည့် တန်ဖိုးမြှင့်ဒေသထုတ်ကုန်များ၊ ဝန်ဆောင်မှုများထုတ်လုပ်ရန်နှင့် အဖွဲ့အစည်းများ သက်သာချောင်ချိမှုရရှိစေရန်၊ ဒေသရှိ သယံဇာများကို အသုံးပြု၍ ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်တို့ဖြစ်သည်။ ထို့ကြောင့် အဖွဲ့ဝင်များ၏ ဖန်တီးနိုင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် အတူတကွရှိနေခြင်းတို့သည် **OVOP Program** ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံးပင်ဖြစ်သည်။ **OVOP Program** လှုပ်ရှားမှု၏ အကောင်အထည်ဖော်ခြင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ၊ ကုန်ကြမ်းပစ္စည်းများ၊ ကုန်စည်၊ နည်းပညာနှင့် ဒေသယဉ်ကျေးမှုများ အပါအဝင် ဒေသတွင်းရှိ သယံဇာတများကို အသုံးပြုခြင်းသည် အကောင်းဆုံးသော လိုအပ်ချက်များဖြစ်ပါသည်။ **OVOP** ၏ထုတ်ကုန်များသည် ၎င်းတို့၏ကျေးရွာ၊ ဒေသအသီးသီးမှ အကောင်းဆုံးထုတ်ကုန် **(Product icon)**တစ်မျိုးစီ ထုတ်လုပ်ရန် မျှော်မှန်းခဲ့ပါသည်။ ဤနည်းဖြင့် နိုင်ငံသားအားလုံးသည်လည်း ထုတ်ကုန်များ မြှင့်တင်ခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်မည် ဖြစ်ပါသည်။ **OVOP** ၏ ရှင်သန်မှုသည် အဖွဲ့အစည်း၏လုပ်ပိုင်ခွင့်အာဏာအရ ချမှတ်ထားသည့် အခြေခံသဘောတရား (၃)ရပ် **(Hriamatsu, 2014)** အပေါ်အခြေခံသော ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံကဲ့သို့ ဖြစ်ပါသည်။ ၎င်းအဓိက အခြေခံသဘောတရား (၃)ရပ်မှာ -

(က) **Locally but Global** (ဒေသမှသည် ကမ္ဘာသို့)

(ခ) **Self Reliance and Creativity** (စိတ်ချယုံကြည်ခြင်းနှင့် တီထွင်ဖန်တီးနိုင်ခြင်း)

(ဂ) **Human Resource Dvelopment** (လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု) တို့ ဖြစ်ပါသည်။

## Locally but Global (ဒေသမှသည် ကမ္ဘာသို့)

**OVOP Program** ၏ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကျေးရွာဒေသရှိ ပြည်သူများသည် မိမိတို့ဒေသရှိ ထုတ်ကုန်တစ်ခုကို ပြည်တွင်းနှင့် နိုင်ငံတကာသို့ ရောင်းချနိုင်မည်ဖြစ်ပါသည်။ ဆက်စပ်အကျိုးမှာ ကုန်စည်များနှင့် ဝန်ဆောင်မှုများကြောင့် ဒေသတွင်း ထိတွေ့ဆက်စပ်နိုင်ခြင်း၊ မိမိတို့ဒေသရှိ ထုတ်ကုန်အပေါ်တွင် ဂုဏ်ယူနိုင်ခြင်းတို့ကို ပြသနိုင်ပြီး တစ်ချိန်တည်းမှာပဲ ကမ္ဘာအနှံ့ဈေးကွက်သို့လည်း ချိတ်ဆက်နိုင်မည် ဖြစ်ပါသည်။

## Self and Creativity (စိတ်ချယုံကြည်ခြင်းနှင့် တီထွင်ဖန်တီးနိုင်ခြင်း)

**OVOP Program** ၏ မောင်းနှင်အားမှာ ဒေသခံပြည်သူတို့၏ ကြိုးပမ်းမှုပင် ဖြစ်ပါသည်။ ဒေသရှိ အဖွဲ့အစည်းများနှင့် ပြည်သူများသည် မိမိတို့၏ ကိုယ်ပိုင်စွမ်းရည်နှင့် ဉာဏ်ပညာကို အသုံးပြုခြင်းအားဖြင့် လည်းကောင်း၊ ကိုယ်ပိုင်တီထွင်ဖန်တီးမှု နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ထုတ်ကုန်များကို လွတ်လပ်စွာ ဖန်တီးထုတ်လုပ်ရန်အလို့ငှာ မိမိတို့၏ ယှဉ်ပြိုင်မှုအကျိုးရလဒ်များကို မျှော်လင့်နိုင်ပါသည်။

## Human Resource Development (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု)

ဒေသခေါင်းဆောင်များနှင့် လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ၏ အတွေးအခေါ်များသည် **OVOP Program** လှုပ်ရှားမှုအတွက် အရေးကြီးသော အရင်းအမြစ်များ ဖြစ်ပါသည်။ ထို့ကြောင့် ဒေသအဖွဲ့အစည်းများ၏ စွမ်းရည်များနှင့် တွေးခေါ်ဖန်တီးမှုများကို ပျိုးထောင်ပေးရန် လှုံ့ဆော်ခြင်းနှင့် အားပေးတိုက်တွန်းပေးနိုင်သော လုပ်ပိုင်ခွင့်အာဏာရှိသော ခေါင်းဆောင်များအဖြစ် ဖန်တီးပေးရန် အရေးကြီးပါသည်။ ၎င်းအရာများတွင် ကွန်ယက်များ တည်ထောင်ခြင်း၊ ဗဟုသုတနှင့် လုပ်ငန်းကျွမ်းကျင်မှုများ ဖလှယ်ရန်တို့လည်း ပါဝင်ပါသည်။

## ၁.၂။ အာဆီယံဒေသအတွင်းရှိ OVOP Program ၏ သဘောတရားများ

ဂျပန်နိုင်ငံရှိ **OVOP Program** လှုပ်ရှားမှု၏ အဓိကသဘောတရားများပေါ်တွင် အခြေခံ၍ အာဆီယံ အဖွဲ့ဝင်တစ်နိုင်ငံခြင်းစီရှိ (AMSs)ဒေသတွင်း ဆက်စပ်မှုရှိသော အခြေအနေများအား လိုက်လျောညီထွေမှု ရှိစေရန် လိုအပ်သော ညှိနှိုင်းမှုအချို့ပြုလုပ်ပေးခြင်းအားဖြင့် အာဆီယံဒေသတွင်း **OVOP Program** ၏ ယေဘုယျ လမ်းညွှန်ချက် သဘောတရားကို ဖော်ဆောင်နိုင်ရန် ဖြစ်ပါသည်။

## (က) ရည်မှန်းချက်

အာဆီယံအဖွဲ့ဝင်နိုင်ငံများ (**AMSs**)ရှိ လုပ်ပိုင်ခွင့်အာဏာရှိသော အဖွဲ့အစည်းများ၏ တိုက်တွန်းအားပေးမှုများဖြင့် ဒေသတွင်းစီးပွားရေးလှုပ်ရှားမှုများနှင့် ပြည်သူများ သက်သာချောင်ချိရေး စသည်တို့ ပိုမို ကောင်းမွန်မှုရရှိစေရန် ဖြစ်ပါသည်။

## (ခ) တာဝန်

အာဆီယံနိုင်ငံများ၏ ဒေသတွင်းစီးပွားရေးလုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းများ စုစည်းညီညွှတ်မှု နှင့် ဒေသတွင်းအဖွဲ့အစည်းများ၏ သက်သာချောင်ချိရေးတို့ ပိုမိုကောင်းမွန်စေရန် ဒေသတွင်းရှိ သယံဇာတ အရင်းအမြစ်များအပေါ် အခြေခံ၍ အာဆီယံနိုင်ငံများ (**AMSs**)ရှိ လုပ်ပိုင်ခွင့်အာဏာရ အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုဖွံ့ဖြိုးစေရန် ဖြစ်ပါသည်။

## (ဂ) ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်ခြင်း၏ တန်ဖိုးရှိသော အနှစ်သာရ

အာဆီယံအတွင်းရှိ **OVOP Program** ၏ တန်ဖိုးရှိသော အနှစ်သာရများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ထိရောက်သော ခေါင်းဆောင်မှု

၂။ တာဝန်ခံမှုနှင့် ထိုးထွင်းသိမြင်မှု

၃။ ဖန်တီးနိုင်ခြင်းနှင့်လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးခြင်းဖြင့် ပြုပြင်မွမ်းမံခြင်း

၄။ မိမိကိုယ်ကို စိတ်ချယုံကြည်ခြင်း

၅။ အဖွဲ့အစည်းအဖြစ် လုပ်ဆောင်ခြင်း၊ အစုစပ် လုပ်ကိုင်ခြင်းနှင့် ကွန်ယက်သဖွယ် လုပ်ကိုင်ခြင်း

၆။ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဒေသတွင်း ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်လာခြင်း

၇။ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခြင်း

## (ဃ) ယေဘုယျရည်ရွယ်ချက်များ

အာဆီယံနိုင်ငံများ (**AMSs**) ရှိ လုပ်ပိုင်ခွင့်အာဏာရ ဒေသအဖွဲ့အစည်းများသည် မိမိတို့ဒေသ၏ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ သက်သာချောင်ချိရေး၊ ဖွံ့ ဖြိုးတိုးတက်ရေးတို့အတွက် တိုက်တွန်းအားပေးရန် ဖြစ်ပါသည်။

## (င) အထူးရည်ရွယ်ချက်များ

အာဆီယံနိုင်ငံများရှိ OVOP ဖွံ့ဖြိုးမှု၏အထူးရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ OVOP Program အား အာဆီယံဒေသအတွင်းရှိ ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပုံစံကဲ့သို့ တိုးမြှင့်စေရန်၊

၂။ အာဆီယံနိုင်ငံများ (AMSs) အတွင်း အထူးသဖြင့် ဒေသတစ်ခုချင်းအလိုက် စွန့်ဦးတီထွင်သူ အဖွဲ့အစည်းများ၊ အလုပ်သမားအခွင့်အရေးများနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး စသည်တို့ ဖွံ့ဖြိုး တိုးတက်စေရန်၊

၃။ အာဆီယံဒေသအတွင်းရှိ သယံဇာတများကို အသုံးပြု၍ ဒေသထုတ်ကုန်များ ယှဉ်ပြိုင်နိုင်ရန် နှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ကောင်းစွာထုတ်လုပ်နိုင်ရန်အတွက် ထောက်ပံ့ပေးရန်၊

၄။ ကျွမ်းကျင်မှုနှင့် နည်းပညာများ လွှဲပြောင်း၍ တိုက်တွန်းအားပေးခြင်းဖြင့် အာဆီယံနိုင်ငံများ အတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ၏ စွမ်းဆောင်ရည်များ နှင့် ယှဉ်ပြိုင်နိုင်စွမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

၅။ OVOP ထုတ်ကုန်များ တစ်နည်းအားဖြင့် (SMEs) ထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက် သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် အားပေးမြှင့်တင်ရန်နှင့် ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်စေရန်၊

၆။ အာဆီယံဒေသအတွင်း ဝင်ငွေနှင့် ဥစ္စာဓန ပိုင်ဆိုင်မှုများ ပိုမိုရရှိအောင်မြင်စေရန်အတွက် ထောက်ပံ့ပေးရန်၊

၇။ မိမိတို့ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုက်တွန်းအားပေးနိုင်သော ဒေသ၏ အခွင့်အာဏာရအဖွဲ့အစည်းများ၏ အရည်အချင်းများ ပိုမိုကောင်းမွန်စေရန်၊

## ၁.၃။ အစီရင်ခံစာအကျဉ်းချုပ်

OVOP Program ၏ လမ်းညွှန်ပေးမှုတွင် အောက်ပါအခန်းကဏ္ဍများ ပါဝင်ပါသည်။

(က) နိဒါန်း/မိတ်ဆက်ခြင်း

(ခ) OVOP Program အစီအစဉ်၏ အချက်အလက်များ ရွေးချယ်ခြင်း

(ဂ) အာဆီယံအတွင်းရှိ OVOP Program ၏ သဘောတရားနှင့် အကောင်အထည်ဖော်မှု

(ဃ) အာဆီယံအတွင်းရှိ OVOP Program ဖွံ့ဖြိုးမှု မဟာဗျူဟာ

(င) OVOP Program အကောင်အထည်ဖော်ခြင်း

OVOP Program အစီအစဉ် အကောင်အထည်ဖော်မှုအတွက် သက်ဆိုင်သော အလေ့အထ ကောင်းများအား ပုံစံပြုနိုင်ရန် ထည့်သွင်းဖော်ပြထားပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်နှင့် တိုင်းပြည်တစ်ပြည်ချင်းစီ၏ OVOP Program အခြေအနေပေါ်အခြေခံ၍ ညှိနှိုင်းပါသည် အဆိုပါလမ်းညွှန်ပေးချက် ပုံသဏ္ဍာန်၊ အထူးသဖြင့် အပိုင်း၊ ၁၊ ၂၊ ၅ တို့သည် ကင်ညာနိုင်ငံ (၂၀၁၀)၏ OVOP Program လမ်းညွှန်ချက်မှ အကြံပြုချက်များကို ရယူထားပါသည်။

# အခန်း(၂)

## OVOP Program အစီအစဉ်အတွက် စံနှုန်းများရွေးချယ်ခြင်းနှင့် အားပေးမြှင့်တင်မှု အစီအစဉ်များ

အာဆီယံနိုင်ငံများ၏ OVOP Program ဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံအသီးသီးရှိ အစိုးရများ၏ အားပေးမှုဖြင့် စတင်ရပါမည်။ ကိစ္စအများစုတွင် ဗဟိုအစိုးရများ၏ ထောက်ပံ့မှုပုံစံအမျိုးမျိုးဖြင့် စတင်လုပ်ကိုင် ဆောင်ရွက်ကြရပါမည်။ သို့သော် အဆိုပါ ထောက်ပံ့မှုများမှာ ပြည်သူတို့၏ လိုအပ်မှုနှင့် နှိုင်းယှဉ်လျှင် လုံလောက်မှု နည်းပါးပါသည်။ ထို့ကြောင့် ထောက်ပံ့မှုယူလိုသူအဖွဲ့များထဲမှ စွမ်းဆောင်ရည် အများဆုံးရှိသော အဖွဲ့များကို ဦးစားပေး ရွေးချယ်ရန် အရေးကြီးပါသည်။ OVOP Program အစီအစဉ်၏ ဖွဲ့စည်းပုံရွေးချယ်ရာတွင် စာရင်းဇယားရှင်းလင်းချက်နှင့် အဖွဲ့အစည်းများအကြား ဈေးကွက်ယှဉ်ပြိုင်မှု များကို ထိန်းသိမ်းရန် အလို့ငှာ ရည်ရွယ်ချက်၊ လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းသင့်ပါသည်။ ထို့ကြောင့် OVOP အဖွဲ့ကြီးအတွက် ရှင်းလင်းသော စံနှုန်းနှင့် ဖွဲ့စည်းပုံ ရွေးချယ်တင်မြှောက်ရန် လိုအပ်ပါသည်။

### ၂.၁။ OVOP Program အစီအစဉ်အတွက် စံနှုန်းများရွေးချယ်ခြင်း

### (က) ဒေသဆိုင်ရာ ရွေးချယ်မှုစံနှုန်း

OVOP Program ထောက်ပံ့မှုအစီအစဉ်အတွက် ဒေသဆိုင်ရာ ရွေးချယ်မှုစံနှုန်းတွင် အောက်ပါ အချက်များကို ထည့်သွင်းသင့်ပါသည် -

၁။ ဒေသတွင်း သာတူညီမျှမှုရှိခြင်း

OVOP Program အစီအစဉ်သည် ဒေသတွင်း အာဏာရအစိုးရအဖွဲ့အစည်းများကို အခြေခံ၍ ဒေသ ဆိုင်ရာ စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှု၏ စီမံကိန်းလမ်းပြသူ (သို့မဟုတ်) လှုံ့ဆော်ပေးသူ စသည့် သဘာဝများဖြင့် ဦးစွာ စတင်ရပါသည်။ ထို့ကြောင့် OVOP Program ထောက်ပံ့မှုအစီအစဉ်သည် အလားအလာရှိသော နယ်ပယ်များကိုသာမက ဒေသတစ်ဝန်းလုံးကို ကောင်းစွာ ဖြန့်ကျက် ဆောင်ရွက် ရပါမည်။ သို့မှသာ နယ်ပယ်တစ်ခုတွင်သာမက အခြားဒေသရှိ OVOP အဖွဲ့အစည်းများပါ တူညီသော အောင်မြင်မှု ရရှိမည်ဖြစ်ပါသည်။ OVOP Program လုပ်ရှားမှု မြှင့်တင်ရန်အတွက် နိုင်ငံတွင်းရှိ နယ်ပယ များအပြင် နီးစပ်လျှက်ရှိသော နယ်ပယ်ဒေသများကိုပါ ထောက်ပံ့မှုများ ခွဲဝေပေး၍ ရှင်သန်စေပါမည်။

၂။ အခြေခံအဆောက်အအုံကောင်းများ ရှိခြင်း

OVOP Program အစီအစဉ်သည် အခြေခံ အဆောက်အအုံကောင်းများရှိခြင်း၊ ကုန်စည်စီးဆင်းမှုနှင့် လူဦးရေ ရေတွက်နိုင်ခြင်း စသည့်အချက်များရှိခြင်းတို့ကြောင့် အောင်မြင်မှုများရရှိနိုင်ပါသည်။ ထောက်ပံ့မှု ခံယူသူအဖွဲ့များအနေဖြင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်၊ ဈေးကွက်များ စသည့် လုံလောက်သော အခြေခံအဆောက်အအုံ အခွင့်အလမ်း အကျိုးရလဒ်များကို ရရှိစေနိုင်ပါသည်။

၃။ ဝန်ဆောင်မှု ထောက်ပံ့ပေးသူများရှိခြင်း

OVOP Program အစီအစဉ်၏ ပံ့ပိုးမှုကို လက်ခံမည့်သူများရှိသည့် ဒေသအတွင်း၌ လုပ်ငန်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် ဝန်ဆောင်မှုပေးသူနှင့် ဘဏ္ဍာရေးဆိုင်ရာ အခွင့်လမ်းအတွက် ထောက်ပံ့ပေးသူများရှိရန် စဉ်းစားသင့်ပါသည်။ ထောက်ပံ့မှုများကို လက်ခံမည့်သူများအတွက် အမျိုးအစား၊ အင်အား၊ အရည်အသွေး စသည့်ရှုထောင့်များဖြင့် ဆုံးဖြတ်ရပါမည်။ နယ်ပယ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ၎င်းဒေသအတွင်း ဝန်ဆောင်မှုပေးသူများမရှိပါက အစိုးရနေဖြင့် အကွာအဝေး၊ ခရီးကြာမြင့်ချိန်နှင့် အခြားအသုံးစရိတ်ကို စဉ်းစား၍ ဖြစ်နိုင်သည့် အနီးအနားနယ်မြေများမှ အခြား ဝန်ဆောင်မှုပေးသူများကို ငှားရမ်း၍ ထောက်ပံ့ပေးရန် စဉ်းစားသင့်ပါသည်။

၄။ အများနှင့်မတူ ကွဲပြားစွာဖြင့် ပြိုင်ဘက်ကင်းထုတ်လုပ်နိုင်ခြင်း

OVOP Program အစီအစဉ်၏ ပံ့ပိုးမှုကို ရွေးချယ်ရာတွင် ကွဲပြားခြားနားပြီး ပြိုင်ဘက်ကင်းသော ဈေးကွက်တွင် ဆွဲဆောင်မှုရှိသော ထုတ်ကုန်များအား ဦးစားပေးရွေးချယ် ထောက်ပံ့ရမည် ဖြစ်ပါသည်။ OVOP Program အစီအစဉ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အောင်မြင်သောပြယုဂ်အဖြစ် မြှင့်တင်ရန်အလို့ငှာ အများနှင့်မတူ ကွဲပြားခြားနားသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကိုလည်း စဉ်းစားသင့်ပါသည်၊ ၎င်းပြယုဂ်ကို စံနမူနာယူ၍ ဒေသဆိုင်ရာအစိုးရများ၊ အခြားသော OVOP အဖွဲ့များအတွက် အလေ့အထ ကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ OVOP အုပ်စု၏ ထုံးစံနှင့် အလေ့အထကောင်းများ

အောင်မြင်သော **OVOP Program** အဖြစ် အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် အကြံကောင်း၊ ဉာဏ်ကောင်းပေးသည့် အဖွဲ့အစည်းနှင့် ခံယူသည့် အုပ်စုအဖွဲ့အစည်းများမှ ပံ့ပိုးမှုများ လိုအပ်ပါသည်။ အကြံကောင်း၊ ဉာဏ်ကောင်းပေးခြင်း လုပ်ငန်းစဉ်ကို ခရိုင်၊ ဒေသရှိ **OVOP** ကော်မတီ၏ ဖြစ်တည်မှု၊ ထိရောက်သော **စီမံခန့်ခွဲမှုမှ** အကဲဖြတ်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် ဒေသအတွင်း လက်ရှိအောင်မြင် နေသော **OVOP** အုပ်စုများနှင့် ၎င်းတို့၏ ဖြစ်တည်မှု၊ ထိရောက်သော စီမံခန့်ခွဲမှုတို့မှ အကဲဖြတ်နိုင်ပါသည်။ အောင်မြင်သော **OVOP** အုပ်စုများအတွက် အခြား **OVOP** အုပ်စုများ၏ အကောင်းဆုံး အလေ့အထကောင်း များကို ကိုးကားနိုင်ပါသည်။

၆။ ဒေသအစိုးရ၏ ပံ့ပိုးမှု

**OVOP** ဖွံ့ဖြိုးမှုအတွက် ဒေသအစိုးရ၏ ပံ့ပိုးမှုကို အကဲဖြတ်ရန်အတွက် စံနှုန်းများ သတ်မှတ်နိုင်ပါသည်။ ဒေသခေါင်းဆောင်တို့၏ ထိရောက်သော ခေါင်းဆောင်မှုဆိုင်ရာ ဦးဆောင်နိုင်စွမ်း မြင့်မားခြင်း၊ **OVOP** ဖွံ့ဖြိုးမှု အစီအစဉ်နှင့် တစ်သားတည်းရပ်တည်မှုအဖြစ် ရှိနေခြင်း၊ ဒေသအစိုးရမှ **OVOP** ကော်မတီ ပံ့စံတာဝန်ယူလိုစိတ်ရှိရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးရန် စသည့်စံနှုန်းများဖြင့် အကဲဖြတ်နိုင်သည်။

## (ခ) OVOP အုပ်စုများတွင်ရှိရမည့် သတ်မှတ်ချက်စံနှုန်းများ ရွေးချယ်ခြင်း

**OVOP** အုပ်စုများတွင် ရှိရမည့် သတ်မှတ်ချက်စံနှုန်း ရွေးချယ်မှုများမှာ -

၁။ ထုတ်ကုန်/ဝန်ဆောင်မှုများသည် ဒေသအလိုက်သီးခြားဖြစ်တည်ခြင်းနှင့် အများနှင့်မတူကွဲပြားခြင်း၊

၂။ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်၊ အရည်အချင်း၊ ဈေးကွက်၊ ထုတ်လုပ်မှုနည်းပညာ၊ စီးပွားရေးဆိုင်ရာ ဘဏ္ဍာငွေသုံးစွဲခြင်း စသည်တို့ကို ကောင်းစွာစီမံနိုင်၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ(SMEs)တို့၏ ထုတ်လုပ်မှုဖြစ်စဉ်များသည် စဉ်ဆက်မပြတ် တသမတ်တည်း လုပ်ကိုင်နိုင်ခြင်း၊

၃။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs)များ၏ အသီးသီးသော ထုတ်ကုန်များသည် ဈေးကွက်အလားအလာကောင်းခြင်း၊ အရည်အသွေး၊ စံချိန်စံနှုန်း ပြည့်မီခြင်းနှင့် စီးပွားရေး ဆိုင်ရာ စွမ်းရည်တို့ရှိခြင်း၊

၄။ ထုတ်ကုန်/ဝန်ဆောင်မှုများသည် ဒေသတွင်း၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်ထိ ဝင်ရောက်ရန် ဈေးကွက်ဆွဲဆောင်မှုရှိခြင်း၊

၅။ OVOP အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) များသည် ဒေသခံပြည်သူများမှ ဝိုင်းဝန်းပါဝင်မှု၊ အခိုင်အမာ ပံ့ပိုးမှုများ အပါအဝင် လုပ်ပိုင်ခွင့် အာဏာရအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်အကြံပြုဆွေးနွေးမှုများ လိုအပ်ခြင်း၊

## (ဂ) OVOP အစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်သူများအတွက် ပုံစံပြုယန္တရားတစ်ခု တည်ဆောက်ခြင်း

ဒေသတွင်း အာဏာရအစိုးရအဖွဲ့အစည်းများမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs)များနှင့်တွေ့ဆုံပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ အဆင့်သတ်မှတ်ခြင်းပြုလုပ်၍ OVOP ထုတ်ကုန်အဖြစ် Certificate တစ်ခု ပြုလုပ်ပေးရပါမည်။ မူရင်း Certificate များကို OVOP ထုတ်ကုန် ထုတ်လုပ်သူများသို့ ပေးပြီး မိတ္တူကို တိုင်း၊ ပြည်နယ်ရှိ ကော်မတီ၊ ဒေသဆိုင်ရာကော်မတီနှင့် ဝန်ဆောင်မှု ပေးချင်သူများထံသို့ ပို့ရပါမည်။

OVOP ၏ Certificate ဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို OVOP တံဆိပ်အသုံးပြုနိုင်ရန်နှင့် ကျော်ကြားမှုအမျိုးအစား သတ်မှတ်ခြင်းများ ဆုံးဖြတ်ပေးမည် ဖြစ်ပါသည်။ OVOP တံဆိပ်ကို ၎င်းထုတ်ကုန်များ၏ ထုတ်ပိုးပစ္စည်းများတွင် ဖော်ပြထားခြင်းဖြင့် တန်ဖိုးမြှင့်တင်သည့် ကိရိယာတစ်ခု ဖြစ်စေပါသည်။ OVOP လက်မှတ်ရရှိပြီးသူများသည် ၎င်းတို့ ထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းထားနိုင်ပြီး ကာလအတန်ကြာ တန်ဖိုးမြင့်မြင့်ဖြင့် လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

## ၂.၂။ OVOP Program ဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးမြှင့်တင်မှု အစီအစဉ်များ

(က) ပညာရေးဆိုင်ရာ သင်တန်းများနှင့် လိုအပ်သော သင်တန်းများ ပေးခြင်း

(ခ) ဈေးကွက်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှုနည်းစနစ်၊ ထုတ်လုပ်မှု၊ နည်းပညာ၊ သတင်းအချက်အလက်နည်းပညာ၊ စံသတ်မှတ်သည့် စီမံခန့်ခွဲမှုစနစ် အစရှိသဖြင့် လုပ်ငန်းစဉ်တို့တွင် ကျွမ်းကျင်မှုများ ရရှိအောင် ထောက်ပံ့ပေးခြင်း

(ဂ) ထုတ်လုပ်မှုကိရိယာတန်ဆာပလာများ ပံ့ပိုးပေးခြင်း

(ဃ) အရင်းအနှီးများ ရရှိရန်ကူညီခြင်း

(င) ဈေးကွက်ရရှိရေးနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့တွင်ကူညီခြင်း (ဥပမာ) ဖျော်ဖြေပွဲ၊ ပြပွဲ၊ OVOP အဆောက်အအုံ၊ Website ၊ အီလက်ထရောနစ်၊ Media နှင့် အခြားထုတ်ဝေခြင်းများ

(စ) ကောင်းမွန်သည့် စီးပွားရေးအဆင့်အတန်းနှင့် စီးပွားရေးလိုင်စင်တို့ ရရှိအောင် ကူညီခြင်း

(ဆ) မူပိုင်ခွင့်ဆိုင်ရာ ထောက်ပံ့ကူညီခြင်းတို့ကို ထောက်ပံ့ပေးရမည် ဖြစ်ပါသည်။

OVOP ထောက်ပံ့မှု အစီအစဉ်များတွင် OVOP စီးပွားရေးအုပ်စုများ (တနည်း) အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs)များ၏ အမှန်တကယ်လိုအပ်ချက်ပေါ်မူတည်၍လည်း ထောက်ပံ့ပေးရမည် ဖြစ်ပါသည်။

OVOP စီးပွားရေးအုပ်စုများ (တနည်း) အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) တို့သည် ဗဟိုအစိုးရနှင့် ဒေသတွင်းအုပ်ချုပ်သူများမှ ပူးပေါင်းပါဝင်၍ အဆင့်သတ်မှတ်ရွေးချယ်၍ အဆင့်အလိုက် ပြည်နယ်/တိုင်း အစိုးရ (ပြည်နယ်/တိုင်း OVOP ကော်မတီ)တို့မှလည်းကောင်း၊ ခရိုင်/မြို့တော်အစိုးရများမှ လည်းကောင်း ထောက်ပံ့ခြင်းဖြင့် အောင်မြင်ကျော်ကြားနိုင်ပါသည်။

# အခန်း(၃)

## ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများတွင် OVOP Program အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် အလေ့အထကောင်းများ

ယခုအပိုင်းတွင် ဂျပန်နိုင်ငံနှင့် အာဆီယံ (၉)နိုင်ငံ (စင်ကာပူနိုင်ငံတစ်နိုင်ငံမှလွဲ၍ ကျန်သော )၏ OVOP အတွေ့အကြုံများကို လေ့လာနိုင်ရန် ဖော်ပြထားပါသည်။

### ၃.၁။ ဂျပန်နိုင်ငံ



ဂျပန်နိုင်ငံသည် ၁၉၆၀ ခုနှစ်တွင် ၎င်းတို့၏ စီးပွားရေးကို စိုက်ပျိုးရေးလုပ်ငန်းမှ စက်မှုလုပ်ငန်းသို့ ကူးပြောင်းမှု စတင်ခဲ့ပါသည်။ အဆိုပါ မူဝါဒသည် ဂျပန်နိုင်ငံ ကျေးလက်ဒေသများ၏ စီးပွားရေးပုံသဏ္ဍာန်ကို အထူးသဖြင့် ပြောင်းလဲစေခဲ့ပါသည်။ မြို့ပြမှ ထုတ်ကုန်များမှာ ဈေးချိုသည့်အတွက် ကျေးလက်ထုတ်ကုန်များမှ မယှဉ်ပြိုင်နိုင်ခြင်း၊ ကျေးလက်ဒေသများတွင် ဝင်ငွေလျော့ကျခြင်း စသည့်အကြောင်းအရာများကြောင့် ကျေးလက်ဒေသ စီးပွားရေးသည်များစွာ နောက်ကျကျန်ခဲ့ပါသည်။ တစ်ပြိုင်နက်တည်း မြို့ပြတွင် ပြောင်းရွှေ့နေထိုင်မှုများလည်း မြင့်တက်လာပါသည်။ ထိုအချိန်မှစတင်၍ ကျေးရွာနေပြည်သူတို့သည် ၎င်းတို့ ကျေးရွာများ ဖွံ့ဖြိုးရန် မည်သို့လုပ်ဆောင်ရမည်ကို စတင်တွေးတောခဲ့ကြပါသည်။ ၁၉၇၀ ခုနှစ်တွင် ကျေးလက်ဒေသရှိ လူအများသည် ၎င်းတို့၏ ၄ပ်လျှိုးနေသော သဘာဝသယံဇာတများကို အသုံးပြု၍ ကိုယ်ပိုင်စီးပွားရေးကို မြှင့်တင်ရန် စတင်ခဲ့ကြပါသည်။

OVOP Program လှုပ်ရှားမှုသည် ဂျပန်နိုင်ငံ၏ ဒေသဆိုင်ရာ စီးပွားရေးအတွက် အသက်ပြန်သွင်းပေးခဲ့သော Program တစ်ခု ဖြစ်ပါသည်။ OVOP Program သည် လူမှုဘဝတန်ဖိုးကို မြှင့်တင်ပေးခြင်း၊ စွမ်းအားပြည့်ဝသော လှုံ့ဆော်မှုများ ဖန်တီးပေးခြင်းနှင့်အတူ စီးပွားရေးအခြေအနေ မြှင့်တင်ပေးနိုင်ခဲ့သောကြောင့် ကျေးရွာလူထုအား ၎င်းတို့၏ ကျေးရွာများတွင် ဆက်လက်နေထိုင်ကြရန် အားပေးတိုက်တွန်းမှုနှင့် ဖန်တီးမှုများအပေါ် အာရုံစူးစိုက်စေခဲ့ကြပါသည်။ OVOP Program လှုပ်ရှားမှု၏ အောင်မြင်မှုသော့ချက်မှာ လူ့စွမ်းအား အရင်းအမြစ်များကို တတ်နိုင်သမျှမြှင့်တင်ခြင်းနှင့် နိုင်ငံသားများ၏ လူမှုဘဝတန်ဖိုးကို ထိန်းသိမ်းခြင်းတို့ပင် ဖြစ်ပါသည်။ OVOP Program သည် လူ့အဖွဲ့အစည်းတွင်

စီးပွားရေးတန်ဖိုးထက် လူမှုဘဝတန်ဖိုးကို ပို၍ အာရုံစူးစိုက်ပါသည်။ စာတမ်းဖတ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ၎င်းတို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများအတွက် စည်းစနစ်တကျ ပြုမူဆောင်ရွက်ရန်များကို ရှင်းပြပါသည်။

မည်သို့ပင်ဖြစ်စေ **OVOP Program** လှုပ်ရှားမှု၏ အစောပိုင်းတွင် ကျေးရွာလူထု၏ ဝင်ငွေတိုးမြင့် စေခဲ့၍ ရောင့်ရဲသည့်ဘဝကို မြှင့်တင်ပေးခဲ့ပြီး ကျေးရွာလူထုကို ပျော်ရွှင်စေခဲ့ပါသည်။ **OVOP Program** လှုပ်ရှားမှု၏ အောင်မြင်သော ညွှန်ပြမှုတစ်ခုမှာ ပျော်ရွှင်ခြင်းကို တိုင်းတာခြင်းဖြစ်ပါသည်။ ဥပမာ – ကျန်းမာရေး၊ ပညာရေး၊ အခြားအသုံးစရိတ်ရရှိမှုအခြေအနေတို့ ဖြစ်ပါသည်။

သို့သော်လည်း ဂျပန်နိုင်ငံရှိ **OVOP Program** သည် ဘာသာစကား နှောင့်နှေးမှုကဲ့သို့သော စိန်ခေါ်မှု အနည်းငယ်ရှိပါသည်။ ဂျပန်နိုင်ငံရှိ အချို့သော အဖွဲ့အစည်းများသည် များစွာသော နိုင်ငံခြားသား ခရီးသွားများအတွက် ဧည့်ဝတ်ပြုရန် အဆင်သင့် မဖြစ်သေးပါ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားဘာသာစကား မပြောတတ်သောကြောင့် ဖြစ်ပါသည်။ နိုင်ငံခြားဘာသာစကားပြောရန် ဒေသအဖွဲ့အစည်းများ၏ စွမ်းရည်ကောင်းမွန်လာစေရန် ကျောင်းများတည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်များနှင့် ပညာတော်သင် စေလွှတ်ခြင်း စသည့် သီးခြားအစီအစဉ်များ ပြုလုပ်လာကြပါသည်။ အခြားစိန်ခေါ်မှုတစ်ခုမှာ ကမ္ဘာလှည့်ခရီးသည်များ လာရောက်သည့်ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ရှိ လူ့အဖွဲ့အစည်းများနှင့် ခေါင်းဆောင်များအကြား သဘောထားအချို့မတူညီကြခြင်းပင် ဖြစ်ပါသည်။

အချို့ အဖွဲ့အစည်းများသည် ၎င်းတို့၏ ရန်ပုံငွေများကို အစိုးရမှ ပါဝင်ပတ်သက်စီမံမည် စိုးသောကြောင့် အစိုးရ၏ ဘဏ္ဍာငွေထောက်ပံ့မှုကို လက်ခံရန် လုံးဝမလိုလားပါ။ အခြားသော အဖွဲ့အစည်းများမှ ရန်ပုံငွေများကို ရှာဖွေရန်အတွက် ၎င်းတို့၏ ရန်ပုံငွေခွဲဝေမှု စီမံကိန်းများကို ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ **OVOP Program** လှုပ်ရှားမှုကို ရေရှည်တည်တံ့စေရန် ထိမ်းသိမ်းရန်အလို့ငှာ အခြား အစီအစဉ်များအဖြစ် လူ့စွမ်းအားအရင်းအမြစ်စွမ်းရည် ကောင်းမွန်စေရန်နှင့် ထုတ်ကုန်အရည်အသွေး ကောင်းမွန် စေရန်တို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဥပမာ – အချို့မှာ အရည်အသွေးထိန်းချုပ်မှုတွင် ပါဝင်ကူညီသည့် အစီအစဉ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ သီအိုရီစုဆောင်းခြင်းနှင့် ချေးငွေအစီအစဉ်၊ ကျန်းမာရေး အာမခံနှင့် ပင်စင်ရန်ပုံငွေတို့ ဖြစ်ပါသည်။



ဂျပန်နိုင်ငံ၏ **OVOP Program** လှုပ်ရှားမှုသည် လုပ်ပိုင်ခွင့် အာဏာရ အမျိုးသမီးများဖြင့် အောင်မြင်မှု ရရှိစေခဲ့ပါသည်။ **OVOP Program** လှုပ်ရှားမှုတွင်ပါဝင်သော အမျိုးသမီးများ၏ လုပ်ဆောင်မှုတွင် အောင်မြင်စေသော အချက်တစ်ချက်မှာ ၎င်းတို့၏ မိသားစု

ဘဏ္ဍာငွေများကို စီးပွားရေးဘဏ္ဍာငွေအဖြစ် သီးခြားရပ်တည်ခြင်း ဖြစ်ပါသည်။ ခြုံငုံကြည့်ရလျှင် အမျိုးသမီးများသည် လူ့အဖွဲ့အစည်းအတွက်နှင့် ကောင်းမွန်သော နေထိုင်မှုတို့အတွက် အလုပ်လုပ်ကြပါသည်။ အမျိုးသမီးများသည် စီးပွားရေးကို တန်ဖိုးထားမှုထက် လူမှုဘဝပတ်ဝန်းကျင်ကို ပိုမိုတန်ဖိုးထားကြပါသည်။

## ၃.၂။ ဘရူနိုင်းဒါရုဆလင်နိုင်ငံ



ဘရူနိုင်းနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် စီးပွားရေးပြုပြင်မွမ်းမံရန်အတွက် **OVOP Program** အစီအစဉ် ကို စတင်လုပ်ဆောင်ခဲ့ပါသည်။ အဆိုပါ စီးပွားရေး ပြုပြင်မွမ်းမံမှုကို **Satu Kampung Satu Produk (1K 1P)** လို့ခေါ်ပါသည်။ ဘရူနိုင်းနိုင်ငံရှိ **OVOP Program** စုပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် အိမ်တွင်းမှုနှင့် သက်မွေးပညာဝန်ကြီးဌာနမှ ဦးဆောင်ပါသည်။

**OVOP Program** အစီအစဉ်သည် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်စတင်ရာတွင် ဆယ်စုနှစ် (၁) နှစ် အထိ အချိန်ယူခဲ့ရပါသည်။ ကျေးရွာများအတွင်း စီးပွားရေးဆိုင်ရာ စီမံကိန်းများနှင့် ဒေသဆိုင်ရာ စီးပွားရေး များကို အားပေးတိုက်တွန်းခဲ့ပါသည်။ ၂၀၀၉ ခုနှစ်မှစ၍ အဆိုပါ စီမံကိန်းများ လျင်လျင်မြန်မြန် တိုးတက်ခဲ့ပြီး ကျေးရွာများတွင် ကိုယ်ပိုင်ထုတ်ကုန်တစ်ခု ဖြစ်လာစေရန် အားပေးတိုက်တွန်းခဲ့ပါသည်။ **(The Brunei Times Al-Haadi Abu Bakar.) 1K 1P** စီမံကိန်းကို **Temburong** ခရိုင်မှာ ပထမဆုံး အကောင်အထည်ဖော်ခဲ့ပါသည်။

1K1P စီမံကိန်းကို " Majlis Perundingan Mukim dom Kampung" မှ အောက်ဖော်ပြပါ
ɒနှစ်ကျသော လုပ်ငန်းစဉ် (၃) ချက်ဖြင့် စတင်ခဲ့ပါသည်။

၁။ Majlis Perundingan Mukim dom Kampung မှ ကိုယ်ပိုင်ထုတ်ကုန်တစ်ခုကို ထုတ်လုပ်ခြင်း

၂။ ထုတ်ကုန်များကို ထုတ်လုပ်သူများထံမှ စုဆောင်းခြင်းနှင့် ဈေးကွက်သို့မပို့မီ ထုတ်ပိုးမှုများ သေချာစွာ ပြုလုပ်ခြင်း

၃။ 1K1P Project စတင်ရန် အရင်းအနှီးများစွာရှိသော အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်း လုပ်ကိုင်ဖွဲ့စည်းခြင်း

ုံ (၃.၁)။ ဘရူနိုင်းနိုင်ငံ 1K1P ၏ SWOT ဆန်းစစ်ချက်ကို ရှင်းလင်းဖော်ပြထားပါသည်။

**The SWOT Analysis of OVOP Development in Brunei Darussalam**

ပုံ ၃.၁

**Brunei Darussalam နိုင်ငံ၏ OVOP ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ SWOT Analysis**



## ၃.၃ ။ ကမ္ဘောဒီးယားနိုင်ငံ

၂၀၀၆ ခုနှစ်တွင် ကမ္ဘောဒီးယားအစိုးရသည် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးမှုမြှင့်တင်ရေး တစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်မှု OVOP Program လှုပ်ရှားမှုကို စတင်ခဲ့ပါသည်။ " One Village One Product National Committee" ကို ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင်ဥပဒေပုဒ်မအမှတ် Ns/RKT/0106/043 ဖြင့် စတင်တည်ထောင်ခဲ့ပြီး ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများအတွက် ဥပဒေပုဒ်မ အမှတ် - ၄၃၆ ဖြင့် ၂၀၀၆ ခုနှစ်၊ ဖွန်လ (၂၆) ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ OVOP လှုပ်ရှားမှုသွင်ပြင်မှာ အထက်အဆင့်မှ အောက်ခြေသို့ ချဉ်းကပ်သည့်ပုံစံ ဖြစ်ပါသည်။ (Top Down approach)

သမိုင်းကြောင်းကိုပြန်ကြည့်လျှင် ကမ္ဘောဒီးယားနိုင်ငံသည် လွန်ခဲ့သောကာလများကပင် OVOP Program လှုပ်ရှားမှုကဲ့သို့ အလားတူပုံစံများဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ကျေးရွာအချို့တွင် လူဦးရေ အနေအထားလည်း ကောင်းမွန်သည့်အတွက် တစ်ဦးချင်းထုတ်ကုန်များကို အထူးပြုထုတ်လုပ်ကြ သည်။ စနစ်တကျ ပြပြင်မွမ်းမံမှုများ ပြုလုပ်ခြင်းမှစ၍ OVOP Program သည် ဒေသဖွံ့ဖြိုးမှုအတွက် ကိရိယာကဲ့သို့ အောင်မြင်မှုများရရှိခဲ့ပါသည်။ အထူးသဖြင့် ဝန်ကြီးချုပ်၏ ခိုင်မာသော နိုင်ငံတော် ထောက်ပံ့မှုများကြောင့်အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက်လုံးဝမြှင့်တင်ပေးနိုင်မည်ဟုမျှော်လင့်ပါသည်

ပုံ (၃.၂)။ ကမ္ဘောဒီးယားနိုင်ငံ၏ OVOP Program တည်ဆောက်ပုံကို ပြသထားပါသည်။

ယေဘုယျအားဖြင့် ကမ္ဘောဒီးယားနိုင်ငံ OVOP Program တည်ဆောက်ပုံသည် အဓိက အပိုင်း (၃) ခု (မူဝါဒ၊ နည်းပညာနှင့် ဒေသအနေအထား) ဖြင့် တည်ဆောက်ထားပါသည်။ ကမ္ဘောဒီးယား နိုင်ငံ OVOP Program လှုပ်ရှားမှု၏ရည်မှန်းချက်မှာ ဒေသထုတ်ကုန်များတိုးတက်ကောင်းမွန်လာခြင်းဖြင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းတိုးတက်လာစေရန် ဖြစ်ပါသည်။ ထိုအစီအစဉ်သည် မြို့ပြတွင် အလုပ်လုပ်ကိုင်ခြင်းကို တားဆီးရန်နှင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့် ထုတ်ကုန်များ ထုတ်လုပ်ရန် မျှော်မှန်းပါသည်။

OVOP Program လှုပ်ရှားမှု၏ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများမှ အကျိုးရလဒ်များစွာ ရရှိနိုင်ပါသည်။ OVOP Program ပံ့ပိုးဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) သည် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေး၏ နောက်ခံကျောရိုးဖြစ်စေပါသည်။ ဒေသဆိုင်ရာ အစိုးရများကို လုပ်ပိုင်ခွင့် အာဏာများ လွှဲပြောင်းပေးခြင်း၊ ဒေသခံအဖွဲ့အစည်းများအနေဖြင့် ဒေသရှိ သယံဇာတများကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်မှု လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတိကျစွာ ရေးစွဲဖော်ပြ ခြင်းဖြင့် OVOP Program ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အနစ်သာရများ ဖြစ်စေပါသည်။ ကမ္ဘောဒီးယား

ပုံ ၃.၂
OVOP ဖွဲ့စည်းပုံ ကမ္ဘောဒီးယား




အရင်းအမြစ် : Sok (2008)

နိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) တွင် ပါဝင်အကောင်အထည် ဖော်မည် ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ OVOP Program ဖွံ့ဖြိုးမှုတွင် တွေ့ကြုံနေရသောသီးခြားစိန်ခေါ်မှုများမှာ –

(က) ကောင်းမွန်သော သင်တန်းများ သင်ကြားပေးသည့် အသင်းအဖွဲ့များ၊ ထုတ်လုပ်မှုကို အားပေးတိုက်တွန်းသည့် ဗဟိုဌာနများနှင့် ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုလုံးတွင် အသေးစားနှင့် အလတ်စား လုပ်ငန်းများ SME ထုတ်ကုန်များအား တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှု အရေးအတွက် နည်းပါးခြင်း

(ခ) ပုံတူကူး၍ တုပထုတ်လုပ်လာကြခြင်း

(ဂ) ယှဉ်ပြိုင်မှု ပိုမိုလာခြင်းနှင့် အထူးသဖြင့် အာဆီယံအသိုက်အဝန်း (AEC) တွင် ယှဉ်ပြိုင်မှုများ ပိုမိုကြုံတွေ့နိုင်ခြင်း

(ဃ) ကျေးလက်ဒေသရှိ လူငယ်မျိုးဆက်သစ်များသည် စွန့်ဦးတီထွင်မှုများပြုလုပ်ရန် စိတ်ဝင်စားမှုနည်းပါးလာခြင်းနှင့် ၎င်းတို့၏ယခင်မျိုးဆက်များကဲ့သို့ လက်မှုပညာမကျွမ်းကျင်ကြခြင်း

(ဇ) ထုတ်လုပ်မှုစရိတ် ပိုမိုမြင့်မားလာမှုကို ကူညီဖြေရှင်းပေးသည့် ထောက်ပံ့ရေးနှင့် ဝန်ဆောင်မှု အဖွဲ့အစည်းစသည့် အခြေခံအဆောက်အအုံစနစ်တို့ လွန်စွာခက်ခဲခြင်းတို့ ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အဆိုပြုချက်အရ အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) (၂)ခုကို သွားရောက်လေ့လာခဲ့ရာ အဆိုပါ SMEs များသည် ၎င်းတို့၏ နယ်ပယ်ဒေသရှိ သယံဇာတများကို အသုံးပြုကြောင်းတွေ့ရှိရပြီး အကျိုးရလဒ်အဖြစ် ၎င်းတို့ဒေသသည် ၎င်းတို့ထုတ်လုပ်သော ထုတ်ကုန်များကြောင့် နာမည်ကျော်ကြားကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့၏ မိဘများထံမှလည်းကောင်း၊ ပတ်ဝန်းကျင်ရှိ သူငယ်ချင်းများ၊ မိသားစုများထံမှ လည်းကောင်း လက်ဆင့်ကမ်း သင်ယူလေ့လာခြင်းဖြင့် ၎င်းတို့၏ လုပ်ငန်း၌ ကျွမ်းကျင် လာကြပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်း SMEs များသည် OVOP National Committee နှင့် ပြည်နယ်/တိုင်း အစိုးရများမှတဆင့် ဆိုင်ခန်းများ၊ ပြပွဲများ ပြုလုပ်ပေးရန် တစ်ခါတစ်ရံ ဖိတ်ခေါ်ခဲ့ပါသည်။ ၎င်း SMEs နှစ်ခုလုံးသည် အပြည်ပြည်ဆိုင်ရာမှ ကူညီထောက်ပံ့မှုများကိုလည်း လက်ခံရရှိကြပါသည်။

၎င်း SMEs များသည် ထုတ်ကုန်များထုတ်လုပ်၍ပြည်တွင်းသာမက နိုင်ငံခြားတိုင်းပြည်များကိုပါ ရောင်းချခဲ့သော်ငြားလည်း သူတို့သည် နိုင်ငံတကာဈေးကွက်နှင့်ပတ်သက်၍ ကန့်သတ်ချက်ရှိခြင်းနှင့် မိမိတို့၏ ဈေးကွက်ကို မည်သို့ချဲ့ထွင်ရမည်ကို မသိရှိသေးကြောင်း တွေ့ပါသည်။ အခြားအရေးကြီးသည့် စိန်ခေါ်မှုမှာ လုပ်ငန်းများကို ချဲ့ထွင်ရန် ဘဏ္ဍာငွေလိုအပ်မှုနှင့် နိုင်ငံတကာ ငွေကြေးဆိုင်ရာ အတွေ့အကြုံ အားနည်းနေခြင်းတို့ ဖြစ်ပါသည်။ ကျေးလက်လုပ်ငန်းအများစုမှာ လုပ်သားအခြေပြု လက်မှုလုပ်ငန်းများသာဖြစ်၍ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် အချိန်ယူရခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် များစေပါသည်။





## ၃.၄ ။ အင်ဒိုနီးရှားနိုင်ငံ

၂၀၀၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက် No.6.2007 အရ OVOP Program ပြုပြင်မွမ်းမံမှုကိုစတင်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ OVOP Program အစီအစဉ်သည် အထက်အဆင့်မှ အောက်ခြေသို့ ချဉ်းကပ်သည့်ပုံစံဖြင့် အခြေခံပါသည်။ အဆိုပါ အစီအစဉ်တွင် သမဝါယမနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဝန်ကြီးဌာနမှ ဦးဆောင်ပါသည်။ ၂၀၀၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် OVOP Program အစီအစဉ်၏ သီးခြားအောင်မြင်သည့် သော့ချက်မှာ အောက်ပါတို့ဖြစ်သည် -

(၁) ဗဟိုအစိုးရ၊ ဒေသအစိုးရနှင့် အခြားအစုရှယ်ယာရှင်များ (Universities)များမှ ခိုင်ခိုင်မာမာကူညီပေးခြင်း

(၂) ပြည်တွင်း၊ ပြည်ပ ဈေးကွက်ကြီးမားခြင်း

(၃) ကုန်ကြမ်းများ ပေါများခြင်း

(၄) လူ့စွမ်းအား အရင်းအမြစ် အရေအတွက် ကြီးမားခြင်း

(၅) သတင်းနှင့် နည်းပညာဖွံ့ဖြိုးခြင်း

(၆) ဈေးကွက်ကြီးထွားမှု အလားအလာကောင်းခြင်း









ဇယား ၃.၁

## အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများ

## Strangth Weakness Opportunities and Threat (SWOT)

### အားသာချက် (Strengths)

- တစ်ဒေသထုတ်ကုန်တစ်ခု (**OVOP**) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ဗဟိုအစိုးရအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းတို့မှ ထောက်ပံ့ကူညီခြင်း
- **OVOP** ဆိုင်ရာ သမဝါယမအသင်းများ၏ စီမံခန့်ခွဲမှု၊ ထုတ်လုပ်မှုနည်းပညာနှင့် အရည်အသွေးထိန်းချုပ်မှုများနှင့် ပတ်သက်၍ တက္ကသိုလ်ကဲ့သို့သော အဖွဲ့အစည်းများ (**Institutions**)များနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရ အေဂျင်စီတို့မှ ပူးပေါင်းဆောင်ရွက်ခြင်း
- ကုန်ကြမ်းပစ္စည်းကြွယ်ဝခြင်း / ရရှိခြင်း
- လူ့စွမ်းအားအရင်းအမြစ်များ များပြားစွာရှိခြင်း (လူဦးရေထူထပ်များပြားခြင်း)

### အားနည်းချက် (Weakness)

- ထုတ်ကုန်ဈေးကွက်အတွက် အကျိုးရှိထိရောက်သော နည်းလမ်းနှင့် ဈေးကွက်ဒေရိယာများ အကန့်အသတ်ဖြင့် ရှိနေခြင်း။
- ထုတ်ကုန်၏ အရည်အသွေးထိန်းချုပ်မှု မလုံလောက်ခြင်း
- **Minimun regeneration process** (ပြန်လည်ထုတ်လုပ်မှုဖြစ်စဉ် နည်းပါးခြင်း)
- နိုင်ငံခြားဘာသာစကားများ ကျွမ်းကျင်မှု၊ စာရင်းကိုင် အတတ်ပညာနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး ခြင်းများကဲ့သို့သော စွမ်းဆောင်ရည်များ နည်းပါးခြင်း။
- လူမှုဆက်ဆံရေး (**Social Value**)ထက် စီးပွားရေးတန်ဖိုး နည်းပါးခြင်း
- (ဆုံးဖြတ်ချက် ခိုင်မာမှုနှင့် စိတ်ဓာတ်ပြင်းထန်မှု) များ နည်းပါးခြင်း နှင့် **SME** များ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်မှု နည်းပါးခြင်း
- စိတ်ခံယူချက် (**Mindest**) ပြောင်းလဲရန် ခက်ခဲခြင်း၊ ဥပမာ - **OVOP** လယ်သမားများသည် မိရိုးဖလာ ထုံးတမ်းစဉ်လာအတိုင်း စိုက်ပျိုးသောနည်းလမ်းများကို ခေတ်မီပုံစံပြောင်းလဲရန် ငြင်းဆိုခြင်း။ စီးပွားရေးပညာရှင်စိတ်ဓာတ်များ ယခုအချိန်ထိ မရှိသေးခြင်း။

### အခွင့်အလမ်းများ (Opportunities)

- ထုတ်ကုန်တစ်ချို့မှာ ဈေးကွက်ဝေစုများ ကြီးမားစွာရရှိနိုင်ခြင်း၊
  ဥပမာ - စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ
- အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကောင်းသောအမြင်ရှိနိုင်ခြင်း
- သတင်းအချက်အလက်နည်းပညာ
- စီးပွားရေးလုပ်ငန်းကိုပို၍ နည်းလမ်းကျစွာ ဆောင်ရွက် နိုင်စေရန်အတွက် ပြည်သူအသိပေးပညာပေးအစီအစဉ်များ တိုးပွားလာနိုင်ခြင်း

### ခြိမ်းခြောက်မှုများ (Threats)

- အစိုးရ၏ အထောက်အပံ့၊ အကူအညီများပေါ်တွင် အလွန်အမင်း မှီခိုလွန်ခြင်း
- ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာ အစိုးရတို့သည် **OVOP** အစီအစဉ် များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုနည်းပါးခြင်း
- ပြင်ပဈေးကွက်များ (၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်း)

ဇယား (၃.၁) အင်ဒိုနီးရှားနိုင်ငံ **OVOP Program** လှုပ်ရှားမှု၏ အားသာချက်နှင့် အားနည်းချက် (**SWO**
သုံးသပ်ချက်ကို ပြသထားပါသည်။

## ၃.၅ ။ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ



လာအိုအစိုးရသည် ဂျပန်နိုင်ငံကို စံပြထား၍ One District One Product (ODOP) အစီအစဉ် အကောင်အထည်ဖော်ခြင်းကို များစွာကူညီပေးပါသည်။ ODOP Program အစီအစဉ် ဖွံ့ဖြိုးတိုးတက်မှု အတွက် ၂၀၁၃ ခုနှစ်မှစတင်၍ စက်မှုဝန်ကြီးဌာနနှင့် နိုင်ငံခြားစီးပွားရေး ကုန်သွယ်မှု မူဝါဒဌာနအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ခဲ့ပါသည်။ ODOP Program အောင်မြင်ရန်အတွက် စက်မှုဝန်ကြီးဌာနနှင့် နိုင်ငံခြားစီးပွားရေးကုန်သွယ်မှုမူဝါဒဌာနတို့သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့်လည်း ပူးပေါင်း ဆောင်ရွက်ပါသည်။

ODOP Program ပြုပြင်မွမ်းမံ ပထမဆုံးစတင်ချိန် ၂၀၀၃ ခုနှစ်မှစ၍ စိန်ခေါ်မှု များစွာရှိခဲ့ပါသည်။

(က) ODOP Program အစီအစဉ်ကို နယ်ပယ် (၂)ခုတွင်သာ အကောင်အထည်ဖော်ခဲ့ခြင်း

(ခ) လာအိုနိုင်ငံ၊ ပြည်နယ်နှင့် တိုင်းများအကြား နိုင်းယှဉ်နိုင်လောက်သော ODOP ထုတ်ကုန်များမထုတ်လုပ်နိုင်၍ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ယှဉ်ပြိုင်ရန် ခက်ခဲခြင်း

(ဂ) လာအိုနိုင်ငံ၏ ODOP Program အစီအစဉ်ကို ထိန်းသိမ်းထောက်ပံ့ပေးနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များ ချို့တဲ့ခြင်း



အခြားတစ်ဖက်တွင်မူ ODOP Program အစီအစဉ်အတွက် လာအိုအစိုးရ၏ စီမံခန့်ခွဲမှုတွင် အောင်မြင်စေသည့် သော့ချက်တစ်ခုမှာ လာအိုအစိုးရသည် ထုတ်လုပ်မှု လုပ်ကိုင်ပုံလုပ်ကိုင်နည်း၌လည်းကောင်း၊ ထုတ်ကုန်များ ရွေးချယ်မှုတွင်လည်းကောင်း ၊ ကိုယ်တိုင်ပါဝင်ခြင်း ဖြစ်ပါသည်။ လာအိုအစိုးရသည် ပြည်နယ်/တိုင်းတစ်ခုခြင်းစီ၏ ODOP ထုတ်လုပ်မှုတွင် အပြည့်အဝ ထိန်းချုပ်နိုင်ခြင်းပင် ဖြစ်ပါသည်။ လာအို အစိုးရ၏ အခန်းကဏ္ဍမှာ ODOP ထုတ်ကုန်များထုတ်လုပ်ရန် မည်သို့တိကျသော နည်းလမ်းများ အသုံးပြုမည်၊ မည်သည့်အမျိုးအစားများ ထုတ်လုပ်မည်ဆိုသည်ကို ထိန်းချုပ်ထားပါသည်။



F4-

ODOP Program အစီအစဉ် မြှင့်တင်ပေးခြင်းတွင် အခြားအောင်မြင်စေသည့် သော့ချက်မှာ လာအို အစိုးရသည် ODOP Program ကို အနာဂတ်ကာလအထိ ထိန်းသိမ်းထားနိုင်ရန်နှင့် ထုတ်လုပ်မှု လုပ်ငန်းစဉ် အတွက် စက်ပစ္စည်းများ အသုံးပြုရန် ရန်ပုံငွေများကို ကန့်သတ်ထားခြင်းဖြစ်ပါသည်၊ အစိုးရသည် ထုတ်လုပ် သူများအား အသိပညာ တိုးတက်လာစေရန် အားပေးခြင်းနှင့် ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို လေ့လာ၍ သက်ဆိုင်သော သတင်းအချက်အလက်များကို စုဆောင်းပေးပါသည်။

ODOP Program လုပ်ဆောင်မှုတွင် အားနည်းချက်များလည်း ရှိနေပါသည် -

၁။ ODOP ထုတ်လုပ်သူများသည် အစိုးရ၏ ထောက်ပံ့ပေးမှုအပေါ် ကြီးမြင့်စွာ မှီခိုနေကြပါ သည်။ မိမိတို့ဘာသာ ရပ်တည်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုးမှုတို့ အားနည်းကြပါသည်။

၂။ ပြည်ပပို့ကုန်များ မြှင့်တင်ပေးခြင်းသည် ODOP ၏ အဓိကရည်မှန်းချက်ဖြစ်သော်လည်း ODOP ထုတ်လုပ်သူအများစုသည် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန် ဗဟုသုတနှင့် ဘာသာစကား ကျွမ်းကျင် မှုတို့တွင် အားနည်းကြပါသည်။

၃။ ODOP ထုတ်လုပ်သူအချို့မှာ အောင်မြင်ရန် အလားအလာရှိသော်လည်း ဘဏ္ဍာငွေ အခက်အခဲများစွာ ရှိကြပါသည်။ အချို့ ODOP ထုတ်လုပ်သူများမှာလည်း ဈေးငွေ ချေးယူခြင်းကို မပြုလုပ်ကြပါ။ အဘယ်ကြောင့်ဆိုသော် ဘဏ်ချေးငွေ အတိုးနှုန်းမှာ ၎င်းတို့အတွက် မြင့်မားနေသောကြောင့် ဖြစ်ပါသည်။ (တစ်နှစ်လျှင် ၁၃ - ၁၅ %)

၄။ ထုတ်လုပ်မှုစွမ်းရည်နှင့် ကုန်းကြမ်းတို့တွင် ကန့်သတ်ချက်များရှိနေခြင်းတို့ ဖြစ်ကြ ပါသည်။

လာအိုအစိုးရသည် ODOP ထုတ်ကုန်အဖွဲ့အစည်းများအတွက် နိုင်ငံတကာပြပွဲများနှင့် ချိတ်ဆက်၍ အသိအမြင် ဗဟုသုတများ ထောက်ပံ့ပေးခြင်းဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ထောက်ပံ့ပေးပါသည်။ လာအိုအစိုးရသည် ODOP ထုတ်ကုန်များ၏ အရည်အသွေးကို ရည်ညွှန်းအမှတ်များ သတ်မှတ်၍ ODOP ထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းထားပေးပါသည်၊ ODOP Program ဖွံ့ဖြိုးတိုးတက်မှု၏ အခြားအရေးပါသော သုံးသပ်ချက်မှာ စွန့်ဦးတီထွင်သူများနှင့် ODOP ထုတ်လုပ်သူများ၏ စွမ်းရည် တိုးမြှင့်ရန်အတွက် အမျိုးမျိုးသော ပုဂ္ဂလိက လုပ်ငန်းရှင်များအတွင်း အတူတကွ လုပ်ကိုင်ခြင်းပင် ဖြစ်ပါသည်။ လာအိုအစိုးရသည် ပြည်တွင်း ODOP တံဆိပ်အသစ်ကို မြှင့်တင်ပေးခဲ့ပြီး ယခုအချိန်ထိ အသုံးပြုနေဆဲ ဖြစ်ပါသည်။ အဆိုပါ တံဆိပ်ကို အသုံးပြုရန် ထုတ်လုပ် သူများသည် ၎င်းတို့၏ ထုတ်ကုန်များအပေါ် အစိုးရ၏ တရားဝင်ထောက်ခံချက် ရယူရမည်ဖြစ်ပါသည်။

## ၃.၆ ။ မလေးရှားနိုင်ငံ



မလေးရှားနိုင်ငံ၏ ODOP Program လှုပ်ရှားမှုသည် Satu Daerah Satu Industri (SDSI) (သို့) အင်္ဂလိပ်အမည် One District One Industry (ODOI) ဖြင့် စတင်ခဲ့ကြောင်း ယေဘုယျအားဖြင့် သိရှိရပါ သည်။ OVOP လှုပ်ရှားမှုကို ၁၉၉၂ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ (၆)ခုမြောက် စီမံကိန်း (RMK-6)အောက်တွင် Satu Kampung Satu Produk (SKSP) အမည်ဖြင့် စတင်မိတ်ဆက်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် ၎င်း အစီအစဉ်သည် Satu Daerah Satu Industri (SDSI) အဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

SDSI Program အစီအစဉ်တွင် သီးခြားဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ ပါဝင်ခဲ့ပါသည်။ ၎င်းတို့မှာ -

- Ministry of Agriciture and Agro Based Industry
- Ministry of Rural and Regional Development
- Ministry of Tourism and Culture
- The Malaysia Handicraft Development Corporation
- Ministry of International Trade and Industry တို့ဖြစ်ကြပါသည်။





ယေဘုယျအားဖြင့် မလေးရှားအစိုးရသည် SDSI Program အစီအစဉ်ကို မြှင့်တင်နိုင်ရန် အားပေးမှုအမျိုးမျိုး ဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။ ဥပမာ - သင်တန်းများ၊ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ (ချေးငွေများ)၊ ကုန်စည်ပြပွဲများ နှင့် နည်းပညာဆိုင်ရာ ထောက်ပံ့မှုများ၊

၂၀၁၁ ခုနှစ်တွင် ဝန်ကြီးချုပ်ရုံး၏ Implementation Coordination Unit (ICU) တင်ပြချက်အရ SDSI Program သည် နိုင်ငံတစ်ဝန်းရှိ ခရိုင် ၁၄၁ ခရိုင်တွင် စွန့်ဦးတီထွင်သူ (၄၈၃၅)ဦး ရာခိုင်နှုန်းအားဖြင့် ၅၅% အထိ တိုးတက်အောင်မြင်စေခဲ့ပါသည်။ SDSI အစီအစဉ်တွင် မတူညီသော ဘဏ္ဍာ (၄)ခုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကျက်ဆောင်ရွက်ပြီး

အလုပ်အကိုင်အခွင့်အလမ်း (၁၂၄၂၈)ခု ဖြစ်ပေါ်ခဲ့ပါသည်။ အခန်းကဏ္ဍ (၄)ခု ဖြစ်ပေါ်ခဲ့ပါသည် ၎င်းအခန်းကဏ္ဍ (၄)ခုမှာ အစားအသောက်နှင့် အဖျော်ယမကာ၊ ခရီးသွားလာရေး ယဉ်ကျေးမှုအနုပညာနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ ဖြစ်ပါသည်။ အစိုးရ၏ ထောက်ပံ့မှုဖြင့် ဒေသ စွန့်ဦးတီထွင်သူများမှ ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး ငွေသားနှင့် ကန်ထရိုက် ရောင်းချမှုတန်ဖိုး **RM21 Million** ရရှိခဲ့ကြောင်း ၂၀၁၁ ခုနှစ် အစီရင်ခံစာအရ တွေ့ရှိရပါသည်။

မလေးရှားနိုင်ငံရှိ အသေးစားစွန့်ဦးတီထွင်သူများ၏ **SDSI Program** အောင်မြင်မှုသော့ချက်မှ အောက်ပါအတိုင်းဖြစ်ပါသည်။ (**Kader et al, 2009**)

- အစိုးရမှ စွန့်ဦးတီထွင်မှုအတွက် သင်တန်းပေးခြင်း၊ ဈေးကွက်နှင့် အရည်အသွေ စီမံခန့်ခွဲမှု၊ အခြေခံစာရင်းကိုင်ပညာ၊ နည်းပညာကျွမ်းကျင်မှု စသည့် သင်တန်းန ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ပေးခြင်း၊
- စွန့်ဦးတီထွင်မှုဆိုင်ရာ အရည်အသွေး၊ ဥပမာ – ကောင်းသောအပြုအမူနှင့် သဘောထာ မွမ်းမံပြုပြင်ခြင်း၊ အလုပ်ကို ကြိုးစားလုပ်ကိုင်ခြင်း၊ မိမိကိုယ်ကို အားကိုးခြင်း၊ မိမိကိုယ်ကို ယုံကြည်ခြင်း၊
- အစိုးရမှ ဈေးကွက်ထောက်ပံ့ပေးခြင်း၊ ဥပမာ – အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေ စွမ်းအင်အသုံးချမှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အခြားသင့်လျေ သော ပတ်ဝန်းကျင်ဈေးကွက် ထိုးဖောက်ဝင်ရောက်ခြင်းနှင့် ချိတ်ဆက်ခြင်း၊ ဥပမာ ပြည်နယ်နှင့် နိုင်ငံအဆင့်ရှိ အစိုးရ၏ထောက်ပံ့မှုဖြင့် ဖျော်ဖြေပွဲများ၊ကုန်စည်ပြပွဲမျ ပြုလုပ်ခြင်း၊




မလေးရှားနိုင်ငံရှိ Ministry of International Trade and Industry (MITI) မှ SDSI အမှတ်တံဆိပ်ကို မြှင့်တင်ရန် အကဲဖြတ်စနစ်ကို ပြုလုပ်ခဲ့ပါသည်။ ထုတ်ကုန်များကို SDSI Program အစီအစဉ်အောက်မှ ထုတ်လုပ်စေပြီး မလေးရှားနိုင်ငံ၏ Intellectual Property Corporation of Malaysia (MyIPO) မှ စာရင်းသွင်း မှတ်ပုံတင်ပေးပါသည်။ ၎င်းအစီအစဉ်အရ ထုတ်ကုန်များအား ပြည်တွင်း/ပြည်ပ အရည်အသွေး စံချိန်မီ ထုတ်ကုန်များ ဖြစ်လာစေပါသည်။

## ၃.၇ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ ဖြိုးတိုးတက်ရေးကို ၁၉၆၀ ခုနှစ် အစောပိုင်းမှစတင်ခဲ့ပြီး အစိုးရမှ ပုဂ္ဂလိက အခန်းကဏ္ဍကိုလည်း ကြိုဆိုခဲ့ပါသည်။ မြန်မာနိုင်ငံ၏ OVOP Program ဖွံ့ ဖြိုးမှုမှာ အထက်အဆင့်မှ အောက်ခြေသို့ ချဉ်းကပ်သည့်သဘော ဖြစ်ပါသည်။ OVOP Program လှုပ်ရှားမှုကဲ့သို့ အလားသဏ္ဍာန်တူသည့် အခြားဖွံ့ ဖြိုးတိုးတက်မှု အစီအစဉ်များကို OVOP Program မတိုင်ခင် ၂၀၀၀ ခုနှစ်တွင် မိတ်ဆက်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ OVOP Program စီမံကိန်း အကောင်အထည်ဖော်မှုတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သမဝါယမ ဝန်ကြီးဌာန၊ စက်မှုဝန်ကြီး ဌာန စသည့် ဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

အစိုးရသစ်လက်ထက်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs)၏ အခန်းကဏ္ဍကို ဥပဒေသစ်များရေးဆွဲခြင်းနှင့် ဥပဒေအပေါ် တည်မှီ၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ဥပမာအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ ဖြိုးတိုးတက်မှု ဗဟိုဌာနကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် တည်ထောင်ခဲ့ပါသည်။ ဗဟိုဌာန၏ အခန်းကဏ္ဍမှာ မြန်မာအသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs)များ ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။

ဘဏ္ဍာရေးဆိုင်ရာ အကူအညီသတ်မှတ်ရာတွင် အစိုးရမှ အထူးသဖြင့် သမဝါယမဝန်ကြီးဌာန အနေ ဖြင့် ရန်ပုံငွေများ (သို့မဟုတ်) OVOP Program ဖွံ့ ဖြိုးတိုးတက်မှုမြှင့်တင်ရန် သေသေချာချာ မထောက်ပံ့ပေးနိုင်သေးပါ။ သို့သော်လည်း ၎င်းတို့သည် ဈေးငွေစီမံချက်များနှင့် လိုအပ်သည်များကို အကူအညီပေးပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ ဖြိုးတိုးတက်မှု ဗဟိုဌာနမှ အကူအညီပေးသော အဓိက နယ်ပယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- နည်းပညာ ဗဟုသုတ
- လုပ်ငန်းကျွမ်းကျင်မှု မျှဝေပေးခြင်း

- ထုတ်ကုန်အရည်အသွေး မြှင့်တင်ရန်အတွက် နည်းပညာ ထောက်ပံ့ပေးခြင်းတို့ ဖြစ်သည်။

အသင်းအဖွဲ့များသည် **OVOP Program** လှုပ်ရှားမှု အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို တွေ့ရှိခဲ့ကြပါသည်။ ၎င်းတို့မှာ ဒေသဆိုင်ရာ အကြံပေးမှုမသေချာခြင်း၊ သဘောပေါက်နားလည်မှု အားနည်းခြင်း၊ ဈေးကွက်နည်းပညာချို့တဲ့ခြင်း၊ ဥပမာ - **OVOP** ထုတ်ကုန်များ မြှင့်တင်ရန် သတင်းအချက်အလက်ရရှိမှုနှင့် ခေတ်မီဈေးကွက်များ ဖော်ထုတ်ခြင်း

သို့သော်လည်း မြန်မာနိုင်ငံ၏ **OVOP Program** ဖွံ့ဖြိုးတိုးတက်မှုသည် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာမှတဆင့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ၎င်းတို့မှာ -

(၁) အချို့လက်မှုပညာလုပ်ငန်းများ ပန်းပုပညာ၊ ကြိမ်ဖြင့် ပြုလုပ်သော လက်မှုပစ္စည်းများ၊ ကွင်းထိုးဖိနပ်များကဲ့သို့ လက်မှုပစ္စည်းများသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် ၎င်းတို့၏ ထုတ်ကုန်များသည် ထုတ်လုပ်မှုကုန်ကျစရိတ် အလွန်မြင့်နေသော်လည်း ထုတ်လုပ်နေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် လက်မှုထုတ်ကုန်များ ယှဉ်ပြိုင်ခြင်းဖြင့် သိသာထင်ရှားစွာ တိုးတက်လာပြီး လက်မှုလုပ်ငန်းများ ပြည့်ဝစွာ တိုးတက်ကောင်းမွန်လာသကဲ့သို့ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခန်းကဏ္ဍတစ်ခုအဖြစ် တည်ရှိနေနိုင်ခြင်း။

(၂) အသေးစားနှင့် အလတ်စားလုပ်ငန်းများမှ ထုတ်ကုန်များ၏ ဝယ်လိုအားမှာ ဥရောပ၊ အမေရိကန် စသည့် အခြားတိုင်းပြည်များမှ ဝယ်ယူမှုများ မြင့်မားနေခြင်း။



သို့သော် အခြားတိုင်းပြည်များမှ ယှဉ်ပြိုင်ဘက်များသည် မြန်မာ့အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ခြိမ်းခြောက်မှုအချို့လည်း ရှိနေပါသည်။ ၂၀၁၅ ခုနှစ်၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)တွင် ယှဉ်ပြိုင်မှုများနှင့် ပိုမိုကြုံတွေ့ရမည်ဖြစ်ပါသည်။ ထပ်မံ၍ လေ့လာချက်များအပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းအများစုသည် ပုံစံတကျ ဖွဲ့စည်းထားသည့် ဘဏ္ဍာရေး ဆိုင်ရာ အဖွဲ့အစည်းများမှ ဘဏ္ဍာငွေဝန်ဆောင်မှုများ ရရှိရန် ခက်ခဲနေကြပါသည်။ ဥပမာ - ထုတ်လုပ်သူများမှာ ပိုက်ဆံချေးငှားရန်နှင့် ချေးငွေအတွက် အတိုးနှုန်းနည်းရန် ကမ်းလှမ်းချက်များတွင် ဘဏ္ဍာရေးအဖွဲ့အစည်းများအနေဖြင့် ကန့်သတ်ချက်များစွာ ရှိနေပါသည်။ ထို့အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ စီးပွားရေးကို ချဲ့ထွင်ရန်အတွက် ဘဏ္ဍာငွေအကူအညီရရှိရေးတို့တွင်လည်း ကန့်သတ်ချက်များ ရှိနေပါသည်။

မြန်မာနိုင်ငံ OVOP Program ဖွံ့ဖြိုးမှုအတွက်အခြားအရေးကြီးသောစိန်ခေါ်မှုမှာ ဆက်သွယ်ရေးအတင်းအချက်အလက်၊ နည်းပညာ Information Communication Technology (ICT) ကာကွယ်မှုနှင့်ဆက်စပ်နေပါသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနည်းပညာ ဖွံ့.ဖြိုးတိုးတက်မှု အထူးသဖြင့် အာဆီယံနိုင်ငံများမှအခြားဖွံ့ဖြိုးဆဲတိုင်းပြည်များနှင့်နှိုင်းယှဉ်လျှင်ဖွံ့ဖြိုးမှုအားနည်းနေသေးကြောင်းတွေ့ရပါသည်။ လူဦးရေရာခိုင်နှုန်း အနည်းငယ်တွင်သာ တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများရှိပြီး၊ အင်တာနက်၊ မိုဘိုင်းဖုန်း ထိုးဖောက်ဝင်ရောက်မှုမှာ အချိုးတူလျော့နည်းနေသေးကြောင်း တွေ့ရပါသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာလူဦးရေ သန်း(၆၀)မှ (၁)သန်းမှာ မိုဘိုင်းဖုန်းများရရှိပြီး အင်တာနက်လိုင်း(၄၀၀၀၀၀) ရရှိခဲ့ပါသည်။ ပြဿနာမှာ အချို့လူများတွင် SMS Message ပိတ်ထားခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သတင်းအချက်အလက် နည်းပညာဖွံ့.ဖြိုးတိုးတက်ရန် ဖော်ထုတ်ခြင်းမှာ အတော်အသင့် အားနည်းပြီး အဆိုပါ အခြေအနေမှာ SMEs ဖွံ့.ဖြိုးမှုအပေါ် အရေးပါသော အကျိုးသက်ရောက်မှုများ ပေးလိမ့်မည်ဖြစ်ပါသည်။

## ၃.၈ ။ ဖိလစ်ပိုင်နိုင်ငံ



ဖိလစ်ပိုင်အစိုးရသည်အလုပ်အကိုင်ဖန်တီးခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဆင်းရဲမွဲတေမှု လျော့ချရေး ရည်မှန်းချက်များရရှိရန် ရှေ့ဆက်သွယ်မည့် မူဝါဒအသေးစိတ်ချမှတ်၍ အလယ်အလတ်ကာလ ဖိလစ်ပိုင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တည်ဆောက်ခဲ့ပါသည်။ (2000, 2008) Medium Term

Philippines Development သည် အသေးစားလုပ်ငန်းများ ဖန်တီးရန်နှင့် ချေးငွေ၊ နည်းပညာနှင့် ဈေးကွက်များ ထောက်ပံ့ပေးပြီး One Town One Product (OTOP)အစီအစဉ်ဖြင့် သရုပ်ဖော်ရန် ရည်ရွယ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ အစိုးရသည် OTOP Program အစီအစဉ်ကို ၂၀၀၄ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ပါသည်။

ဖိလစ်ပိုင် OTOP Program သည် ဒေသအစိုးရကဏ္ဍ (Local Government Units) (LGUs)၊ ပြည်တွင်းအစိုးရ အေဂျင်စီ (NGAs) နှင့် ပုဂ္ဂလိကကဏ္ဍ (Private Sector) မှ တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပြုလုပ်ရန်နှင့် ပြည့်စုံသော အကူအညီပေးရန် ကမ်းလှမ်းပေးပါသည်။ ၎င်းအရာများတွင် စီးပွားရေးဆိုင်ရာ အကြံပေးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ သင်တန်းပေးခြင်း၊ ထုတ်ကုန်ဒီဇိုင်းနှင့် ဖွံ့ဖြိုး တိုးတက်မှု၊ သင့်တော်သော အသုံးချ သိပ္ပံပညာနှင့် ဈေးကွက်တို့ ပါဝင်ပါသည်။ အဆိုပါ အေဂျင်စီသည် အခြားအစိုးရရုံးများနှင့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးပြုလုပ်ငန်းများ လက်တွဲလုပ်ကိုင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ OTOP Program ၏ အောင်မြင်သော သော့ချက်တွင် အချက် (၇) ချက် ပါဝင်ပါသည်။ ၎င်းတို့မှာ LGUs မှ မြှုပ်နှံခြင်း၊ စိတ်ချရသော ကုန်ကြမ်းများရောင်းချခြင်း၊ ဒေသဆိုင်ရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ပေါ်ကြွယ်ဝခြင်း၊ ဒေသဆိုင်ရာစွမ်းရည်နှင့် ကျွမ်းကျင်မှုရှိခြင်း၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်အသင့်ရှိခြင်း၊ ထုတ်လုပ်သူများ၏ ခွန်အားကြီးမားမှုနှင့် အစိုးရ၏ ဝန်ဆောင်မှုများ တစ်နေရာတည်းတွင် ရှိခြင်းတို့ဖြစ်ကြပါသည်။ ၂၀၀၀ - ၂၀၀၈ ခုနှစ် အစီအစဉ် အကောင်အထည်ဖော်မှုအောင်မြင်စေရန် ပုဂ္ဂလိကလုပ်ငန်းရှင်တို့၏ပူးပေါင်းမှုကိုလက်ခံရန်၊ အသိအမှတ်ပြုရန်နှင့် ဆုချီးမြှင့်ခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

- OTOP Program အကောင်းဆုံး တည်ထောင်နိုင်သူဆု
- OTOP Program မိုက်ခရိုအသေးစားနှင့် အလတ်စားလုပ်ငန်းထူးချွန်ဆု
- အကောင်းဆုံးထောက်ပံ့ပေးသော လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းဆု

အကောင်းဆုံး ထောက်ပံ့ပေးသော လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများမှ စီမံကိန်းအတွက် သယံဇာတများ ထောက်ပံ့ပေးခြင်း၊ စီမံကိန်းများစတင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ မိုက်ခရိုအသေးစားနှင့် အလတ်စားလုပ်ငန်းများအား ကူညီပေးခြင်း၊ OTOP Program လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခြင်းနှင့် အခြား လုပ်ဖော်ကိုင်ဖက်များသို့ အဖွဲ့အစည်းများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးပါသည်။



၎င်းအပြင် Department of Trade and Industries (DTI) သည် အသီးသီးသော Cluster လုပ်ငန်းများနှင့်ချိတ်ဆက်၍နည်းပညာသစ်များဖွံ့ဖြိုးတိုးတက်ရန်နှင့်လုပ်ငန်းများကမ္ဘာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖွံ့ဖြိုးကြီးထွားမှု အပါအဝင် အလုပ်သမားသစ်များ ခန့်အပ်ရန်အတွက် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ သိသာထင်ရှားစွာ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် ဆောင်ရွက်ပေးပါသည်။

Mass Media သည်လည်းဖိလစ်ပိုင်နိုင်ငံ OTOP Program အစီအစဉ်မြှင့်တင်မှုတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ စားသုံးသူများသည် OTOP ထုတ်ကုန်များကို သိရှိလာပြီး OTOP brands များကို ဝယ်ယူရန်နစ်သက်လာအောင် ဆောင်ရွက်ပေးပါသည်၊ ထို့ကြောင့် OTOP Trade Fairs များသည် အခြားသော Trade Fairs များနှင့် ရင်ဘောင်တန်း ယှဉ်ပြိုင်လာနိုင်ကြပါသည်။ အလားအလာရှိသော စွန့်ဦးတီထွင်သူများသည် ၎င်းတို့ဒေသတွင် OTOP ထုတ်ကုန်များကို ထုတ်လုပ်ရန် စိတ်ဝင်စားလာကြပြီး အချင်းချင်း ချိတ်ဆက်ဆောင်ရွက်လာခဲ့ကြပါသည်။

## ၃.၉ ။ ထိုင်းနိုင်ငံ

OTOP Program အစီအစဉ်သည် ထိုင်းနိုင်ငံတွင် အထူးအောင်မြင်ဖွံ့ဖြိုးပါသည်၊ OTOP (One Tambon One Program)ကို မူရင်း OTOP Program လှုပ်ရှားမှုနှင့်လည်းနှိုင်းယှဉ်ခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ OTOP Program မှာ အထက်အဆင့် မှအောက်ခြေသို့ စတင်လုပ်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။



ထို အစီအစဉ်ကို ၂၀၀၁ ခုနှစ်တွင် စတင်ကြေငြာခဲ့ပါသည်၊ ထိုင်းနိုင်ငံ အစိုးရသည် စီးပွားရေး မူဝါဒ တစ်ရပ်အဖြစ် ဆင်းရဲမွဲတေမှု နှုန်းကို ကျော်ဖြတ်ရန် OTOP Program မူဝါဒကို အတိအလင်း ကြေငြာခဲ့ပါသည်၊ OTOP Program အစီအစဉ်ကို ယခင် ထိုင်းဝန်ကြီးချုပ် Thanksin Shinawattra မှ စတင်ဦးဆောင်ခဲ့ပါသည်၊ OTOP Program ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်သည် အဓိကမဏ္ဍိုင် (၂)ရပ်အောက်တွင် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ၎င်းတို့မှာ ပြည်တွင်းယှဉ်ပြိုင်မှုများကို ပိုမိုတိုးတက်လာရန် ဒေသဆိုင်ရာအင်အားသစ်များနှင့် ဝတ်မွတ်ခေါင်းပါးမှု နှုန်းလျော့ပါးစေရန် အထူးသဖြင့် ကျေးလက်ဒေသများတွင် ပြည်တွင်းဝယ်လိုအား ပိုမိုကောင်းမွန်

လာခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိဆွဲဆောင်ရန်ဖြစ်ပါသည်။ (Secreteriat of the Cabinet 2014) (One Tambon One Program) OTOP Program ဖွံ့ဖြိုးမှုနှင့် မြှင့်တင်မှုစီမံကိန်းတွင် National One Tambon One Product (OTOP) Management Committee (Kor Aor Nor Tor Por) ဖြင့် စုပေါင်းလုပ်ကိုင်ပါသည်။ OTOP Program စီမံခန့်ခွဲမှု ကော်မတီသည် အကြံပေးမှုဆိုင်ရာ လုပ်ဆောင်ချက်များ၊ နယ်ပယ်ဒေသနှင့် ကော်မတီချိတ်ဆက်ပေးခြင်းဖြင့် မူဝါဒ ဆိုင်ရာ ညွှန်ကြားပေးရန်အတွက် တာဝန်ရှိပါသည်။ OTOP Program စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက် ချက်များ ထောက်ပံ့ရန် ဝန်ကြီးချုပ်ရုံးသည် One Tambon One Product (OTOP) Program စီမံခန့်ခွဲ ကော်မတီ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် ခဲ့ပါသည်။ ဒုတိယအကြိမ်အဖြစ် ၂၀၀၂ ခုနှစ် (BE.2524 တွင် အောက်ပါစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များအား ထပ်မံ၍ ထုတ်ပြန်ခဲ့ပါသည်။ (ပုံ ၃.၃ တွင် တွေ့နို ပါသည်။)

ပုံ ၃.၃
ထိုင်းနိုင်ငံရှိ OVOP လှုပ်ရှားမှု




ပုံ ၃.၃။ **OTOP Movement in Thailand**

**Source; Department of Industrial Promotion, Thailand Ministry of Industry (20( And Office of SME Promotion (2008)**



အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် OTOP Program နှစ်ခုလုံးသည် ထိုင်းနိုင်ငံစီးပွားရေး ကြီးထွားမှု၏ အဓိက မောင်းနှင်အားများ ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် OTOP Program နှစ်ခုပေါင်း တန်ဖိုးအားဖြင့် 3.9 trillion bath ဖြစ်၍ GDP တန်ဖိုး၏ ၃၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်မှုမှ 11 Million (သို့) ၈၄ ရာခိုင်နှုန်းခန့် ရှိပါသည်။ ပြည်ပပို့ကုန်တန်ဖိုးမှာ 2.2 trillion bath ဖြစ်၍ စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ခန့် ရှိပါသည်။

ထိုင်းနိုင်ငံ၏ OTOP Program ဖွံ့ဖြိုးမှုတွင် အထက်အဆင့်မှ အောက်ခြေသို့ ချဉ်းကပ်သည့် ပုံစံဖြစ်ပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုအတွက် အောင်မြင်သော သော့ချက်ဖြစ်သည်မှာ သေချာပါသည်။ ထိုင်းနိုင်ငံအစိုးရသည် နယ်ပယ်ဒေသနှင့် အဖွဲ့အစည်းများ ဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် အဖွဲ့အစည်းများ ဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ဆင်းရဲမွဲတေမှု ဖြေရှင်းပေးရန် OTOP Program စီမံကိန်း လုပ်ဆောင်ချက်များကို အလေးအနက်ထားထောက်ပံ့ခဲ့ပါသည်။ အစိုးရသည် ဗဟုသုတ၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု၊ စီမံခန့်ခွဲမှုများ ပိုမိုကောင်းမွန်လာစေရန်နှင့် ထုတ်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း တို့ကို အစီအစဉ် အလိုက် ထောက်ပံ့ပေးခဲ့ပါသည်။

ထပ်မံ၍ အစိုးရမှ မူဝါဒပိုမိုခိုင်မာစေရန် ထောက်ပံ့ပေးပြီး စုပေါင်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် မဟာဗျူဟာတို့ ပွင့်လင်းမြင်သာခြင်းတို့သည် ထိုင်းနိုင်ငံ OTOP Program အစီအစဉ်အတွက် အောင်မြင်သော သော့ချက်တစ်ခုပင် ဖြစ်ပါသည်။ ထိုင်းအစိုးရသည် အရည်အသွေး အမှတ်တံဆိပ်အဖြစ် OTOP ပုံရိပ်များကို အောင်မြင်စွာ ဖန်တီးခဲ့ပါသည်။ အခြားအရေးပါသော သုံးသပ်ချက်မှာ အမျိုးမျိုးသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စုပေါင်းလုပ်ကိုင်ခြင်းဖြင့် OTOP ထုတ်လုပ်သူများ၊ ပုဂ္ဂလိက အခန်းကဏ္ဍ အပါအဝင် စွန့်ဦးတီထွင်သူများ၏ စွမ်းရည်ကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ OTOP Clusters အစုအဖွဲ့များ တည်ထောင်၍ အဆင့်အတန်းအားလုံး၊ ထုတ်ကုန်အားလုံးတို့ကို ဖုံးလွှမ်းထောက်ပံ့ပေးခြင်းသည် OTOP လုပ်ဆောင်မှုအတွက် တိုက်တွန်းအားပေးမောင်းနှင်မှု တစ်ခုဖြစ်ပါသည်။ OTOP ထုတ်လုပ်သူ အများစုသည် လက်မှုပညာလုပ်ငန်းကို ကျွမ်းကျင်ကြပါသည်။ လက်မှုထုတ်ကုန်များသည် အခြားထုတ်ကုန်များထက် အနုပညာသဘာဝစွမ်းရည်နှင့် ယဉ်ကျေးမှု တစိတ်တဒေသပါဝင်ပါသည်။



F6

သို့သော်လည်း ထိုင်းနိုင်ငံ OTOP Program လုပ်ဆောင်ချက်တွင် အားနည်းချက်များလ ရှိပါသည်။

၁။ OTOP Program ၏ ချိတ်ဆက်ဆောင်ရွက်ချက်များတွင် ဥပဒေဆိုင်ရာ ထောက်ပံ့မှု အားနည်းကြပါသည်။

၂။ OTOP ထုတ်လုပ်သူအများစုသည် ဒေသရှိ သယံဇာတများနှင့် ယဉ်ကျေးမှုတန်ဖိုးများ တူညီနေသောကြောင့် ထုတ်လုပ်သောထုတ်ကုန်များ တူညီနေကြပါသည်။

၃။ OTOP ထုတ်လုပ်သူအများစုသည် အစိုးရ၏ ထောက်ပံ့မှုကို အများဆုံး မှီခိုကြပါသည်၊ မိမိကိုယ်ကို အားကိုးမှု၊ စိတ်ချယုံကြည်မှု အားနည်းကြပါသည်။

၄။ OTOP ထုတ်လုပ်သူအများစုသည် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ရန် ဗဟုသုတနှင့် ဘာသာစကား ကျွမ်းကျင်မှုတို့တွင် အကန့်အသတ်ရှိကြပါသည်။

၅။ OTOP ထုတ်လုပ်သူအချို့သည် ဖွံ့ဖြိုးတိုးတက်ရန် စွမ်းရည်များရှိသော်လည်း ဘဏ္ဍာငွေ ရရှိရန် ချို့တဲ့ကြပါသည်။

အနာဂတ်ကာလတွင် OTOP Program မှ အခွင့်အလမ်းကောင်းများနှင့် အကျိုးအမြတ်များစွာ ရရှိ လာမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ အောင်မြင်မှုရရှိပြီး ဖြစ်ပါသည်။ OTOP ထုတ်ကုန်များကို အောင်မြင်မှုရရှိပြီးသား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ခြင်းသည် အခွင့်အလမ်းကောင်း ရရှိခြင်းပင်ဖြစ်ပါသည်။ လက်မှုထုတ်ကုန်များသည် စက်မှုထုတ်ကုန် များထက် ဈေးနှုန်းမြင့်သော်လည်း သုံးစွဲသူများမှ နှစ်သက်ကြသဖြင့် တိုးပွားရန် အလားအလာရှိပါသည်။ အထူးသဖြင့် အဆိုပါ ထုတ်ကုန်များကို ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံ၊ ပတ်ဝန်းကျင်ဆိုင်ရာများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် အကျိုးအမြတ်များ ဖြစ်ထွန်းမည်ဖြစ်ပါသည်။ ၎င်းအပြင် အာဆီယံစီးပွားရေး အသိုက်အဝန်းဖော်ဆောင်ချိန်တွင် 600 Million ခန့်ရှိသော ဈေးကွက်များယူဆောင်လာမည်ဖြစ်ပါသည်။

ထို့အပြင် အာဆီယံ စီးပွားရေး အသိုက်အဝန်းဖော်ဆောင်ချိန်တွင် OTOP ထုတ်ကုန်များအား နိုင်ငံခြားတိုင်းပြည်မှဈေးပေါပေါနှင့်ဝင်ရောက်လာသောထုတ်ကုန်များနှင့်ယှဉ်ပြိုင်ရန်ဈေးကွက်ယှဉ်ပြိုင်



မှုများ မုချမသွေ ယူဆောင်လာပါလိမ့်မည်။ ထိုအခါတွင် OTOP ထုတ်ကုန်များရောင်းချရန် အခက်အခဲများ တွေ့ကြုံ နိုင်ပါသည်။ OTOP ထုတ်ကုန်များသည် ၎င်းယှဉ်ပြိုင်မှုများ ကျော်လွှားနိုင်ရန် ကြိုးစားရပါမည်။ အထူးသဖြင့် ဈေးကွက် လျင်မြန်စွာ ပြောင်းလဲခြင်းကြောင့် ထုတ်ကုန်အသစ်များအား

ဈေးကွက်မှ လိုအပ်ချိန်တွင် ထုတ်ကုန်အသစ်များ မည်သို့ ဖန်တီးပြုလုပ်ရမည်ကို နားလည်ရန်အားနည်းပါသည်။ OTOP Program လုပ်ဆောင်မှုအတွက် အဓိကစိန်ခေါ်မှုမှာ OTOP Program ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ပေးမှုစနစ်ကို နိုင်ငံအတွင်း၊ ဒေသအတွင်းရှိ ပုဂ္ဂလိက လုပ်ငန်းရှင်အားလုံးမှ အလုံးစုံထောက်ပံ့ပေးရမှာ ဖြစ်ပါသည်။ အစိုးရ နှင့် ဒေသအာဏာပိုင်များသည် OTOP Program ၏ စွမ်းရည်ပိုမိုကောင်းမွန်လာစေရန်နှင့် OTOP ထုတ်ကုန် များ ပိုမိုရောင်းချနိုင်ရေး အကူအညီပေးရမည်ဖြစ်သည်။



## ၃.၁၀။ ဗီယက်နမ်နိုင်ငံ



ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုရီယာတစ်ခုကဲ့သို့ OTOP Program ကိုစတင်မိတ်ဆက်ခဲ့ပါသည်။ ကျေးလက်ဒေသကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန် ဒီဂရီအမှတ် ၆၆/၂၀၀၆ ဖြင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ OTOP Program အစောပိုင်းတွင် လက်မှုပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ကျေးရွာများ၏ စီးပွားရေးဖွံ့ဖြိုးရန် မျှော်မှန်းလုပ်ဆောင်ပါသည်။ Ministry Of Agriculture and Rural Development သည် တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းဖြစ်သော Development Of One Village One Craff (OVOC) Program အစီအစဉ်ကို ၂၀၀၆ - ၂၀၁၅ ကာလထိ ပြုလုပ်ခဲ့ပါသည်။



ဗီယက်နမ်နိုင်ငံ၏ OVOP Program ဖွံ့ဖြိုးတိုးတက်မှုသဏ္ဍာန်မှာ အထက်အဆင့်မှ အောက်ခြေသို့ ချဉ်းကပ်သည့်ပုံစံဖြစ်ပြီး SME ဗဟိုဌာနများနှင့် အထူးကျော်ကြားသည့် ထုတ်ကုန်များထုတ်လုပ်သော ကျေးရွာများ၏ ဖွံ့ဖြိုးရေးအတွက် အထူးအလေးပေး ဆောင်ရွက်ခဲ့ပါသည်။ အစကနဦးတွင် ကျေးရွာများနှင့် SME ဌာနများသည် OVOP Program သဘောတရားများကို ယေဘုယျအားဖြင့် သဘောမပေါက်ကြသေးပါပေ။ သို့သော် အစိုးရ၏

ကူညီထောက်ပံ့အားပေးမှုကြောင့် နောင်တွင် အကျိုးအမြတ်များ ရရှိလာကြသည်။ ထပ်မံ၍ OVOP ဖွံ့ဖြိုးမှုအတွက် နိုင်ငံခြားသားခရီးသွားများကို ဆွဲဆောင်ရောင်းချနိုင်ရန် မျှော်လင့်၍နိုင်ငံခြားခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် ဆက်နွယ်နေသော လုပ်ငန်းများ ခိုင်မာရန်လည်း ဂရုစိုက်လာကြပါသည်။



**OVOP** ဖွံ့ဖြိုးမှုအတွက် အားသာချက်များလည်း ရှိပါသည်။ **OVOP** ဖွံ့ဖြိုးတိုးတက်မှုတွင် အလွန်ရှင်းလင်း၍ တိကျသော ကန့်သတ်ချက်နယ်ပယ်များ သတ်မှတ်ထားရှိပါသည်။ ကျေးရွာများတွင် ယေဘုယျအားဖြင့် ပြိုင်ဘက်ကင်းသော ထုတ်ကုန်များ ထုတ်လုပ်ရန်၊ လက်ရှိ ထုတ်ကုန်များ ကြာရှည်စွာ စဉ်ဆက်မပြတ် အောင်မြင်စွာ ထုတ်လုပ်နိုင်ရန်နှင့် အထူးအမှတ်တံဆိပ်အမည် အသင့်ရှိစေရန် **OTOP** အစီအစဉ်ကို မြှင့်တင်ခဲ့ပါသည်။ ဗီယက်နမ်ရွာသားများသည် အလုပ်ကို ကျိုးစားလုပ်ကိုင်ကြပြီး အနာဂတ်အတွက် စီးပွားရေးကို ခိုင်မာသော ရည်ရွယ်ချက်ဖြင့် ဦးစီးဦးဆောင်ပြုကြသည်။

ဗီယက်နမ်နိုင်ငံ၏ **OVOP** ဖွံ့ဖြိုးတိုးတက်မှုတွင် အားနည်းချက်များလည်း ရှိသည်။ **OVOP** ဖွံ့ဖြိုးတိုးတက်မှုနှင့် **SME** ဖွံ့ ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ပေးရန်အတွက် **စီမံကိန်းများ** ပေါင်းစပ်မှု၊ ဝန်ကြီးဌာနများနှင့် အေဂျင်စီများအကြား ပူးပေါင်းပါဝင်မှု အားနည်းပါသည်။ အချို့ကျေးရွာများသည် ကုန်ကြမ်းများ ထောက်ပံ့ပေးခြင်းတွင် မှီခိုမှု လျော့နည်းသည်။ လက်မှုပစ္စည်းပြုလုပ်သည့် အချို့ကျေးရွာများတွင် ဈေးကွက်ရရှိမှုနည်းပါးခြင်း၊ ကျေးရွာများနှင့် အေဂျင်စီများအကြား ပူးပေါင်းပါဝင်မှု အနည်းငယ်ချွတ်ချော်ခြင်းတို့ ဖြစ်ပါသည်။ ယှဉ်ပြိုင်မှုကို ရေရှည်မထိန်းထားနိုင်ခြင်းနှင့် ဖောက်သည်ဆုံးရှုံးခြင်းတို့ ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ၏ အမျိုးမျိုးသော **OVOP** ထုတ်ကုန်များသည် လက်မှုပညာဖြင့်သာ ပြုလုပ်မှုများ၍ အကန့်အသတ် အလွန်များပါသည်။ ကျေးရွာများသည် ဘာသာစကားအခက်အခဲများကြောင့် နိုင်ငံတကာဈေးကွက်ကို ရောက်ရှိရန် ခက်ခက်ခဲခဲ ရှာဖွေကြရပါသည်။



သို့သော်လည်း ဗီယက်နမ်နိုင်ငံ၏ **OVOP** ဖွံ့ဖြိုးတိုးတက်မှုသည် သီးခြားအခွင့်အလမ်းများမှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ဥရောပဈေးကွက်ရှိခြင်း၊ အထူးသဖြင့် ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်တို့မှ လက်မှုပညာများ ဝယ်လိုအားမြင့်မားခြင်း၊ ၎င်းတို့၏ ဈေးကွက်

ကိုနိုင်ငံတကာဈေးကွက်သို့ ချဲ့ထွင်ရန်အတွက် ကူညီနိုင်သည့် နိုင်ငံရပ်ခြားရှိ ဗီယက်နမ်လူမျိုးများအကြား အခိုင်အမာ ချိတ်ဆက်ထားခြင်း၊ ဒေသအစိုးရ၏ စီမံခန့်ခွဲမှုလက်အောက်မှ ပို၍ ထိရောက်စွာလုပ်ကိုင်ရန် ဗဟိုအစိုးရမှ လုပ်ပိုင်ခွင့်အာဏာပေးအပ်ထားခြင်း၊ ဗီယက်နမ်နိုင်ငံသည် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) တွင် ကြီးမားသော ဈေးကွက်ရှယ်ယာများ ရရှိထားခြင်းတို့ ဖြစ်ပါသည်။

အခွင့်အလမ်းရှိသော်ငြားလည်း OVOP ဖွံ့ဖြိုးမှုတွင် သီးခြားခြိမ်းခြောက်မှုများလည်း ရှိပါသည်။ ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးနေးကွေးမှုကြောင့် လက်မှုထုတ်ကုန်များ၏ ဝယ်လိုအားလည်း ကျဆင်းခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဈေးပေါသော စက်ရုံထုတ်ကုန်များ အင်အားကြီးမားစွာ ဝင်ရောက်မှုကြောင့် လက်မှုထုတ်ကုန်များ၏ ဈေးကွက် ခြိမ်းခြောက်လာပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) တွင် ဗီယက်နမ်နိုင်ငံသာမက အဖွဲ့ဝင် နိုင်ငံအားလုံးအတွက် ဈေးကွက်ယှဉ်ပြိုင်မှုများ ရှိလာပါလိမ့်မည်။

## အခန်း(၄)

## အာဆီယံဒေသရှိ OVOP Program ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းဗျူဟာ

ဂျပန်နိုင်ငံမှ OVOP Program သည် ဒေသတွင်းပြည်သူများမှ စတင်ခဲ့ပြီး လူမှုဘဝတန်ဖိုးများကိုလည်း ပြောင်းလဲလှုံ့ဆော်ပေးခဲ့ပါသည်။ အာဆီယံနိုင်ငံများသည် ၎င်းတို့၏ OVOP မူဝါဒစတင်ချိန်တွင် ခြားနားသော ချဉ်းကပ်မှုများ ရှိခဲ့ကြပါသည်။ မဟာဗျူဟာများသည် နိုင်ငံများ၏ သဘောသဘာဝများပေါ်မူတည်၍ ကွဲပြားခြားနားခဲ့ကြပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီတွင် ကိုယ်ပိုင်ထူးခြားသောသွင်ပြင်များပိုင်ဆိုင်ပြီး အမျိုးအစားအလိုက် အခြေခံအစီအစဉ် (၄) ခုဖြင့် ဖော်ပြထားပြီး OVOP Program လှုပ်ရှားမှုအစတွင် သင့်လျော်သော ပေါင်းစပ်မှု၊ လှုံ့ဆော်မှုများပါဝင်ပါသည်။ ပုံ (၄.၁) အဆိုပါအခန်းကဏ္ဍများသည် လေ့လာသူများ၏ ရှုထောင့်ပေါ် အခြေခံ၍ ဖော်ဆောင်ခဲ့ပြီးနောက် ဂျပန်နိုင်ငံနှင့် အာဆီယံ (၉) နိုင်ငံ (စင်ကာပူနိုင်ငံမှလွဲ၍ ကျန်သော) ကိုလည်း လေ့လာသင်ယူနိုင်ပါသည်။

ပုံ ၄.၁

| လှုံ့ဆော်မှု/ချဉ်းကပ်ပုံ | အထက်မှအောက် | အောက်မှ အထက် |
|---|---|---|
| စီးပွားရေးလှုံ့ဆော်မှု | ၂ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား | ၁ မြန်မာ၊ ဗီယက်နမ်၊ လာအို |
| လူမှုရေးလှုံ့ဆော်မှု | ၃ ဘရူနိုင်း | ၄ ဂျပန် |

ပုံ (၄.၁) အခြေခံအစီအစဉ် ပေါင်းစပ်မှုပုံတွင် ပထမစက်ဝိုင်းတစ်လျှောက်ရှိ နိုင်ငံများဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့တွင် အောက်မှ အထက်သို့ ချဉ်းကပ်ပုံစံနှင့် စီးပွားရေးလှုံ့ဆော်မှုများ ရောစပ်ထားသော မဟာဗျူဟာကို တွေ့နိုင်ပါသည်။ ၎င်းနိုင်ငံများရှိ အစိုးရတို့သည် OVOP ဖွံ့ဖြိုးမှုထောက်ပံ့ရန် မူဝါဒများချမှတ်၍ OVOP အစီအစဉ် အကောင်အထည်ဖော်ခြင်း၏ အရေးပါသော အခန်းကဏ္ဍကို လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော် အဆိုပါနိုင်ငံများသည် OVOP ဖွံ့ ဖြိုးမှုအတွက် ဘဏ္ဍာရေးပံ့ပိုးမှု အားနည်းခြင်း၊ အလုပ်ကတိပျက်ခြင်း၊ အစိုးရဘက်မှ ဦးဆောင်မှုအားနည်းခြင်း စသည့် ဒေသအဖွဲ့အစည်း ကဏ္ဍမှပို၍ စိုးမိုးခြယ်လှယ်မှုများကြောင့် နောက်ကျခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် အခြေခံအစီအစဉ် ဒုတိယစက်ဝိုင်း၌ ထိုင်း၊ မလေးရှား၊ အင်ဒိုနီရှားနှင့် ဖိလစ်ပိုင် နိုင်ငံ၏ အစိုးရတို့မှ **OVOP** အတွက် ဆီလျော်အောင် ပြုပြင်ခြင်းနှင့် စီးပွားရေးလှုံ့ဆော်မှု မျှော်မှန်းချက်များ စသည့် အရေးပါသောကဏ္ဍကို လုပ်ဆောင်ခဲ့ပါသည်။ ဘရူနိုင်းနိုင်ငံကို တတိယ စက်ဝိုင်းတွင် ဖော်ပြထားပြီး အထက်မှအောက်သို့ ချဉ်းကပ်ပုံနှင့် လူမှုရေးလှုံ့ဆော်မှုများ ပေါင်းစပ်ထား ပါသည်။ ဂျပန်နိုင်ငံသည် စတုတ္ထစက်ဝိုင်းတွင်ရှိပြီး **OVOP** စတင်ခဲ့သော နိုင်ငံဖြစ်ပါသည်။ **OVOP** လှုပ်ရှားမှုတွင် အောက်မှအထက်သို့ လမ်းစဉ်နှင့် လူမှုရေးလှုပ်ရှားမှုများမှ စတင်ဆောင်ရွက်ပါသည်။ ယင်းအုပ်စုများကို အခြေခံ၍ ပေါင်းစပ်မှု တစ်ခုချင်းစီတွင် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်နှင့် ဆောင်ရွက်မှု များရှိပါသည်။ ယေဘုယျအားဖြင့် အစိုးရ၏ စီမံကိန်းပုံစံတွင် ဘဏ္ဍာရေး (သို့) နည်းပညာပံ့ပိုးမှုများ ပါရှိရပါမည်။ ဒေသခံပြည်သူများသည် မိမိတို့၏ ကိုယ်ပိုင်ရပ်တည်မှုဖြင့် မစီမံနိုင်လျှင် အစိုးရမှ ပံ့ပိုး၊ ထောက်ပံ့ပေးခြင်းဖြင့် စီမံကိန်းမှာ မကြာမီပြီးမြောက်နိုင်ပါသည်။ ဖွံ့ဖြိုးမှုအစီအစဉ်တွင် ဒေသပြည်သူများ ကိုလည်း အကျိုးသက်ရောက်နိုင်ပါသည်။ သို့သော် အောက်မှအထက်သို့ လုပ်ငန်းစဉ်သည် ဒေသပြည်သူ များမှ တီထွင်ဖန်တီးခြင်း၊ ဆန်းသစ်ပြုပြင်ခြင်း၊ လှုံ့ဆော်ခြင်း၊ တာဝန်ဝတ္တရားများ မစွမ်းဆောင်နိုင်ချိန်တွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နိုင်ပါသည်။

**OVOP** အစီအစဉ်ကို ရေရှည်ထိန်းထားနိုင်ရန်အတွက် ဒေသခံပြည်သူများသည် အစိုးရထက် စိတ်အားထက်သန်စွာ ဆောင်ရွက်ရပါမည်။ အဆိုပါ စတင်မှုတွင် ဒေသအစိုးရမှ ပံ့ပိုးပေးမှု၊ ပံ့ပိုးပေးသူ၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုရှိရန်လည်း လိုအပ်ပါသည်။ လူမှုရေးလှုံ့ဆော်မှုများကို စီးပွားရေး လှုံ့ဆော်မှုများထက် ပို၍ ဦးစားပေးရန် ဖြစ်ပါသည်။ **OVOP** လှုပ်ရှားမှု၏ အောင်မြင်သော တိုင်းတာချက် တစ်ခုမှာ နိုင်ငံတွင်းအသားတင်ထုတ်လုပ်မှု (**GNP**) အစားနိုင်ငံသားများ၏အသားတင်ကျေနပ်ပျော်ရွှင်မှု (**GNS**) ဖြင့် အကဲဖြတ်ခြင်းဖြစ်ပါသည်။ (**Hiromatsu, 2008**) ဥပမာတစ်ခုမှာ လူများသည် ၎င်းတို့၏ မိသားစုနှင့် ကြည်နူးသာယာချိန် ပို၍ပေးနိုင်ခြင်းသည် ကျေနပ်မှုအဆင့်မြှင့်တင်ခြင်းပင် ဖြစ်ပါသည်။ ဂျပန်တွင် စပါးခင်းများ ရိတ်သိမ်းပြီးနောက် အခွံမာသီး၊ ဇီးသီးနှင့် သစ်ချသီး စသည့် တန်ဖိုးမြှင့်ပစ္စည်းများ စိုက်ပျိုးခြင်းဖြင့် **Oyama's** ဒေသရှိ လယ်သမားတို့၏ ဝင်ငွေများတိုးပွားခဲ့ပြီး နောက်ဆုံးတွင် ဟာဝိုင်အီ ခရီးအတွက် ပိုက်ဆံစုနိုင်ခဲ့ပါသည်။ ဒေသရှိပြည်သူများ၏ ပိုင်ဆိုင်မှု၊ ယုံကြည်မှု၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု စသည့် ခံစားမှုများ တိုးတက်လာပါလိမ့်မည်။ ထို့ကြောင့် မည်သည့်အစီအစဉ် အမျိုးအစားမဆို လှုံ့ဆော်မှုအောက်မှ ပို၍အကျိုးသက်ရောက်မှုနှင့်အတူ ရေရှည်ထိန်းသိမ်းထားနိုင်မှုဖြင့် အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

## OVOP Program လုပ်ငန်းမှု၊ အကောင်အထည်ဖော်မှု မဟာဗျူဟာ၏ အောင်မြင်စေသော သော့ချက်များ

OVOP ၏အောင်မြင်မှုရရှိရန်အလို့ငှာ အသီးသီးသော အောင်မြင်မှု သော့ချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည် -

၁။ OVOP အစီအစဉ် အကောင်အထည်ဖော်မှုကို နိုင်မာသည့် ခေါင်းဆောင်မှုဖြင့် ထားရှိခြင်း၊ ဒေသခေါင်းဆောင်များသည် လှုံ့ဆော်သူကဏ္ဍနှင့် ဒေသခံပြည်သူများ အောင်မြင်မှုရရှိရန် လုပ်ဆောင်ခြင်း၊

၂။ ဒေသခံပြည်သူနှင့် အစိုးရနှစ်ဦးစလုံးသည် ကတိတည်ခြင်းနှင့် ဗဟိုအစိုးရမှ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးမှု (သို့) နည်းပညာပံ့ပိုးပေးမှု ပုံစံများ ရှိခြင်း၊

၃။ အစီအစဉ်ကို ဒေသပြည်သူများမှ စတင်လုပ်ဆောင်ခြင်း၊ ရလာဒ်ထွက်ပေါ်ရန် ကာလရှည် ဆောင်ရွက်ရသော်လည်း လုပ်ငန်းမှုကို သေချာစွာ ထိန်းသိမ်းထားနိုင်ခြင်း၊

၄။ ဗဟိုအစိုးရမှ စတင်အကောင်အထည်ဖော်လျှင် လုပ်ငန်းမှု၏ ထိန်းသိမ်းနိုင်စွမ်းကို အာမခံရန် အသီးသီးသော လိုအပ်ချက်များ ထားရှိသင့်ပါသည်။ အဆိုပါ လိုအပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အစီအစဉ်ကို အစိုးရမှ ပံ့ပိုးခဲ့လျှင် ကာလရှည် မထောက်ပံ့ရန်၊ ထောက်ပံ့မှုမှာ ယာယီသာ ဖြစ်သင့်သည်။

(ခ) အစီအစဉ်သည် အစိုးရမှစတင်ခဲ့လျှင် ကာယ/ဉာဏလုပ်ငန်းမှုကို လှုံ့ဆော်သောအရာကဲ့သို့ ဥပဒေများရှိသင့်ပါသည်။ မပြည့်စုံသော ပေါင်းစပ်မှုများကို အောင်မြင်သောသူများမှ အကြံဉာဏ်ကောင်းများပေးခြင်းဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများ တိုးပွားရန်ဖြစ်ပါသည်။

(ဂ) အစီအစဉ်သည် အစိုးရမှ ထောက်ပံ့ပေးခြင်းဖြစ်လျှင် အခြားဒေသ၊ အခြားတိုင်းပြည်များသို့ ဖြည့်စွက်ခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်သင့်ပါသည်။

(ဃ) အစီအစဉ်သည် အစိုးရမှ ထောက်ပံ့ပေးခြင်းဖြင့် စတင်လျှင် ဈေးကွက်ပျက်ပြယ်မှုများကို ကူညီဖြေရှင်းရန် ရည်ရွယ်ချက် ထားသင့်ပါသည်။

(င) အစီအစဉ်သည် အစိုးရမှ အကောင်အထည်ဖော်ခဲ့လျှင် အစီအစဉ်ကာလအတွင်း ၎င်းတို့၏ဒေသရှိ ဥပ်သျှိုးနေသော အရင်းအမြစ်များကို ရှာဖွေ၍ ပို၍တီထွင်ရန်နှင့် ပြုပြင်မွမ်းမံရန်တို့ကို အားပေးတိုက်တွန်းသင့်ပါသည်။

(စ) ဗဟိုအစိုးရသည် ပြန့်ကျဲနေသော ၎င်းတို့၏ အစီအစဉ်များကို အဖွဲ့အစည်း အခြေခံ ဖွံ့ဖြိုးမှုပုံစံ စုစည်းသင့်ပါသည်။

## အနာဂတ် OVOP အစီအစဉ် အကောင်အထည်ဖော်မှု၏ စိန်ခေါ်မှုများ

OVOP ၏အနာဂတ်အောင်မြင်မှုတွင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ယနေ့ခေတ်အခါတွင် လူ့ဘောင်အဖွဲ့အစည်း အနေအထား ပြောင်းလဲလာပြီး၊ လူမှုပုံစံအလိုက် ခေတ်မီနည်းပညာများ ပေါ်ထွန်းလာပြီဖြစ်ပါသည်။ လူများသည်လည်း အတိတ်ကာလနှင့် နှိုင်းယှဉ်၍ ပိုကောင်းသော ကိုယ်ပိုင်မှုများ ရှိလာကြပါသည်။ ၎င်းအပြင် လူများသည် အရှေ့တိုင်းဈေးကွက် အခြေခံမှုများ ပို၍ ရှိလာကြပါသည်။ လက်ရှိလူငယ်များသည် အဖွဲ့အစည်းတွင် ပြဿနာများ မျှဝေဖြေရှင်းခြင်း၊ တာဝန်မျှဝေဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းကို ထိန်းသိမ်းထားခြင်း၊ ယုံကြည်မှု၊ နားလည်မှုနှင့် တာဝန်သိမှု စသည့် မူလအခြေအနေထက်ပို၍ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ အမျိုးမျိုးသော လူမှုအခြေအနေ၏ သဘာဝဖြစ်စဉ်အကျိုးသက်ရောက်မှုအရ၊ သတင်းအချက်အလက် နည်းပညာ၏ တိုးတက်မှုကြီးမားလာခြင်းဖြစ်ပါသည်။ အဆိုပါ တိုးတက်မှုများသည် သင့်တော်၍ စီမံခန့်ခွဲနိုင်ချိန်တွင် အဖွဲ့အစည်းသို့ ကောင်းသော အကျိုးရလဒ်များ ယူဆောင်လာနိုင်ပါသည်။

(ခ) လူများသည် မြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြသည်ကို ပုံ(၄.၂)ကို အခြေခံ၍ မြင်နိုင် ပါသည်။ ၁၉၆၀ ခုနှစ်တွင် ဂျပန်နိုင်ငံ လူဦးရေ၏ ၆၁ ရာခိုင်နှုန်းမှာ မြို့ပြတွင် နေထိုင်ကြပါသည်။ ၂၀၁၂ ခုနှစ်တွင် ၉၁ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ အာဆီယံ နိုင်ငံများတွင်လည်း အလားတူဖော်ပြထားပါသည်။ ၂၀၁၂ ခုနှစ်တွင် ဘရူနိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် မြို့ ပြလူဦးရေစုစုပေါင်း ၅၀ ရာခိုင်နှုန်း တိုးပွားလာခဲ့ပါသည်။ လာအို နိုင်ငံတွင် ၁၉၆၀ ခုနှစ်၌ မြို့ ကြီးတွင်နေထိုင်မှု ၇ ရာခိုင်နှုန်းသာရှိပြီး ၂၀၁၂ ခုနှစ်တွင် စုစုပေါင်း လူဦးရေ ၃၅ ရာခိုင်နှုန်း ရှိလာခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)



F7-A

မှ ၂၀၃၀ နှစ် လူဦးရေ (၁၀)ယောက်၌ (၆)ယောက်မှာ မြို့တွင် နေထိုင်လိမ့်မည် ဖြစ်ကြောင်း၊ ၂၀၅၀ ခုနှစ်တွင် (၁၀)ဦးတွင် (၇)ဦးနှုန်းသို့ တိုးလာလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ပါသည်။ အဆိုပါ ပုံစံတွင် မြို့ပြယဉ်ကျေးမှုနှင့် လူနေမှုပုံစံ ပြောင်းလဲနေခြင်းကို ညွှန်ပြနေပါသည်။ အထက်ဖော်ပြပါ အခြေအနေသည် OVOP လှုပ်ရှားမှု၏ အဓိက သဘောတရားနှင့် ဆန့်ကျင်နေပါသည်။

ပုံ ၄.၂




(ဂ) OVOP အစီအစဉ်အား အကောင်အထည်ဖော်ရာတွင် နောက်ထပ်စိန်ခေါ်မှုတစ်ခုသည် ငွေကြေးအရင်းအနှီးရယူခြင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ Tambunan (2008) ဖော်ပြချက်များတွင် SME များသည် ဝင်ငွေရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးခြင်း၊ ဆင်းရဲမှုလျော့ချခြင်းနှင့် ပို့ကုန်များပြားစေခြင်းတို့တွင် အရေးပါသော ကဏ္ဍတစ်ခုအဖြစ် ရှိနေပါသည်။ မည်သို့ပင်ဖြစ်စေ ဖွံ့ဖြိုးဆဲနိုင်ငံအများရှိ SME အများစုတွင် ငွေကြေးအရင်းအနှီးရရှိမှု လျော့နည်းသည့်အတွက် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ခြင်းတွင် အခက်အခဲများ ရှိနေပါသည်။ SME များနှင့် OVOP ဆောင်ရွက်သူများသည် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ငွေကြေးအရင်းအနှီးသည် အသုံးပြုလျက်ရှိသည့် ငွေကြေးထက် လျော့နည်းသည့်အတွက် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခြင်း မရှိခြင်းဖြစ်ပါသည်။

# အခန်း(၅)

## တစ်ဒေသထုတ်ကုန်တစ်ခု OVOP Program အကောင်အထည်ဖော်ဆောင်ရွက်မှု

OVOP ဆောင်ရွက်မှုများအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက်ကြိုတင်စီမံရမည့် အရာအချို့လိုအပ်မည်ဖြစ်ပါသည်။ ယင်းတို့မှာ -

(၁) အကျိုးရှိစွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်

(၂) ထက်မြက်သော ခေါင်းဆောင်နိုင်မှု

(၃) ထောက်ပံ့ပေးမည့်စနစ်နှင့် အကောင်အထည်ဖော်မည့် ယန္တရားများ ရှင်းလင်းမှု

(၄) Monitoring and Evaluation လုပ်ငန်းစဉ်များနှင့် အချက်အလက်များ အဆက်မပြတ် ရွေးချယ်ခြင်းတို့ ဖြစ်ပါသည်။

ယင်းအချက် (၄)ချက်သည် စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် ဆက်သွယ်မှုများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းတစ်ခုဖြစ်စေသည့် စီမံကိန်းအခြေခံသည် လှုပ်ရှားမှုများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် OVOP ဆောင်ရွက်မှုများကို ပြောင်းလဲပေးလိမ့်မည် ဖြစ်ပါသည်။

### ၅.၁ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အစီအစဉ်များ

OVOP Program အကောင်အထည်ဖော် ပြုပြင်ခြင်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပအဆင့် နှစ်ခုလုံးအတွက် အကျိုးရှိစွာ ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်း လိုအပ်ပါသည်။ OVOP movementအားအရှိန်ဖြင့်တသမတ်တည်းအကောင်အထည်ဖော်ပေးခြင်းသည်အောင်မြင်မှုအကြောင်း အရင်းလည်း ဖြစ်ပါသည်။ နိုင်ငံအဆင့်တွင် Presidential Office (သို့) Office Prime Minister ကဲ့သို့ အစိုးရရုံးများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းများ ရှိသင့်ပါသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် OVOP အကောင်အထည်ဖော်ခြင်းများအတွက် ဝန်ကြီးများ (သို့) အစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များကို လွယ်ကူစေလိမ့်မည်ဖြစ်ပါသည်။ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတွင် ကျေးလက်/ဒေသတွင်း ဇရိယာများ ဖွံ့ဖြိုးတိုးတက်စေခြင်းနည်းလမ်း နှင့် နမူနာပုံစံတစ်ခုအဖြစ် OVOP ဖွံ့ဖြိုးရန်အတွက် နိုင်ငံ့ခေါင်းဆောင်များ၏ ယုံကြည်ချက် ခိုင်မာမှုရှိရန်လည်း လိုအပ်ပါသည်။

ဒေသတွင်းအဆင့်တွင် OVOP ဆောင်ရွက်မှုအောင်မြင်စေရန် ယုံကြည်ချက်သည် ပြည်တွင်း ဒေသ အသီးသီးရှိ ခေါင်းဆောင်များမှ ၎င်းတို့၏ သက်ဆိုင်ရာဒေသအသီးသီးရှိ OVOP motivators များနှင့် movers များအား အကျိုးရှိစေရန်အလို့ငှာ လက်ခံယုံကြည်ပေးသင့်ပါသည်။ စီးပွားရေးကဏ္ဍ တွင် အဓိကလှုပ်ရှားသူများ၏ ပါဝင်မှုသည် အခြေခံလူတန်းစားတွင် OVOP movement အားပေးမြှင့်တင်

ရန်အတွက် အကျိုးသက်ရောက်မှုတစ်ခုလည်း ဖြစ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ national level မှ community level သို့ ပြောင်းလဲပေါင်းစပ်ခြင်းတွင် OVOP Program အကောင်အထည်ဖော်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ပါသည်။

ပုံ ၅.၁
OVOP အဖွဲ့အစည်းဆိုင်ရာ မူဘောင်




## National OVOP Committee ဖွဲ့စည်းခြင်း

**Central Level** တွင် **OVOP** ဖွဲ့စည်းခြင်းတွင် **National Committee** (သို့) **OVOP secretariat** ကဲ့သို့ ဖွဲ့စည်းရန် လိုအပ်နိုင်ပါသည်။ **National Committee** တွင် ကုန်သည်ကြီးများအသင်း၊ **Ministry of home affair**၊ ပို့ကုန်မြှင့်တင်ခြင်းများ၊ နိုင်ငံတကာစံသတ်မှတ်မှု၊ ဘဏ္ဍာရေးအခြေအနေ၊ အလုပ်သမားနှင့် အလုပ်အကိုင်အခွင့်အလမ်း၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ **MSME** လုပ်ငန်းများ အစရှိသည်တို့ ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် တာဝန်ရှိသူများဖြစ်ကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် ဝန်ကြီးများအဖွဲ့ (သို့) ဒုတိယသမ္မတ (သို့) သမ္မတတို့မှဦးဆောင်ပါဝင်သင့်ပါသည်။ **National Committee** ၏နောက်ထပ်အလားအလာရှိသော ရွေးချယ်စရာသည် ဝန်ကြီးဌာန (သို့) တက္ကသိုလ်မှ ရွေးချယ်ခန့်အပ်ခြင်းခံရသည့် ဝန်ကြီးဌာန

(သို့) တက္ကသိုလ်မှ ၎င်း၏ ရည်ရွယ်ချက်များ အောင်မြင်စွာ ဆောင်ရွက်ရန် အစိုးရဌာနတာဝန်ရှိသူများမှ မူဝါဒဆိုင်ရာများကို ခိုင်မာစွာ ထောက်ပံ့ပေးသင့်ပါသည်။

**National Committee** သည် ဖော်ပြပါ တာဝန်များစွာကို ဆောင်ရွက်လျက်ရှိပါသည် -

(၁) **OVOP** အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ အောင်မြင်မှုရရှိရန် လမ်းညွှန်ချက်ပေးခြင်း

(၂) ဝန်ကြီးဌာနများနှင့် နိုင်ငံအဖွဲ့အစည်းများမှ **OVOP** ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများနှင့် ခိုင်မာသော ပံ့ပိုးမှုများအရ ညှိနှိုင်းဆောင်ရွက်ခြင်း

(၃) **OVOP Projects** များအတွက် လုပ်ငန်းလျာထားချက်နှင့် ဘတ်ဂျက်ရရှိနိုင်မှု အခြေအနေ

(၄) နိုင်ငံအဆင့်တွင် **OVOP movement** ၏ ကောင်းမွန်သော ပုံစံအဖြစ် **project** များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တစ်နိုင်ငံလုံး **OVOP** ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ဆောင်ရွက်ရန်

(၅) ဒေသတွင်းအဆင့် **OVOP** ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်နယ်နှင့် ခရိုင်အစိုးရများမှ နည်းပညာအကူအညီများ ပံ့ပိုးပေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

(၆) နိုင်ငံအဆင့်တွင် **OVOP** အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ **Monitoring and Evaluation Activities** များ ညှိနှိုင်းဆောင်ရွက်ခြင်း

**National Comittee** သည် ညှိနှိုင်းဆွေးနွေးပွဲများကို တစ်နှစ်လျှင် အနည်းဆုံး (၂)ကြိမ် (သို့) လိုအပ်လျှင် လိုအပ်သလောက် ကျင်းပရန် စီစဉ်သင့်ပါသည်။ ပထမအကြိမ် အစည်းအဝေးတွင် စီမံခြင်း၊ ဘတ်ဂျက်ရရှိခြင်းနှင့် အကူအညီရရှိစေရန် ဆောင်ရွက်ခြင်း စသည်တို့အတွက် ပြောဆိုဆွေးနွေးသင့်ပါသည်။ ဒုတိယအကြိမ်တွင် **OVOP** အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒများနှင့် ခိုင်မာသော ပံ့ပိုးမှုများ ရရှိရန် မည်သို့ညှိနှိုင်းဆောင်ရွက်မည်ကို ဆွေးနွေးသင့်သလို **Monitoring and Evaluation process** များ၏ ရလဒ်များအပေါ် အခြေခံပြီးထုတ်ပြန်ထားသည်များကို မည်သို့ဖြေရှင်းမည်ကိုလည်း ဆွေးနွေးသင့်ပါသည်။

**National Committee** သည် ဥပမာအားဖြင့် လက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် အခြားလုပ်ငန်းများကဲ့သို့ သေချာသည့်ကဏ္ဍ (သို့) စီးပွားရေးလုပ်ငန်းဇရိယာတို့သို့ မူဝါဒများနှင့် ခိုင်မာသော ပံ့ပိုးမှုများ ပံ့ပိုးပေးရာတွင် ကူညီပေးနိုင်သည့် **OVOP working groups** များကို ဖွဲ့စည်းနိုင်ပါသည်။

၎င်း **working gruop** တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် (သို့) ဝန်ကြီးမှ အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ဖွဲ့စည်းနိုင်ပါသည်။ **OVOP working groups** တွင် ဖွံ့ဖြိုးပြီးဒေသများ၊

sector များနှင့် ဆက်စပ်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် National Agencies သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ရုံးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများ ပါဝင်နိုင်ပါသည်။

OVOP secretariat သည် National Committee မှ ချမှတ်ခဲ့သည့် မူဝါဒများကို ဖော်ဆောင်ရန် အတွက် တာဝန်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် unit တစ်ခု ဖြစ်ပါသည်။ secretariat သည် ဒုတိယသမ္မတရုံး (သို့) Presidential Office တစ်ခုဖြစ်သင့်ပါသည်။ secretariat တွင် ဒုတိယသမ္မတရုံး (သို့) Presidential Office ၏ လက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ Minister of Home Affair (သို့) စက်မှု (သို့) MSME များနှင့် ဆက်စပ်လျက်ရှိသည့် Senior Minister (သို့) Coordinating Minister မှ ဦးစီးဆောင်ရွက်သင့်ပါသည်။ Secretarial သည် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ (သို့) အစိုးရအဖွဲ့အစည်းများနှင့် ပြည်နယ်ဆိုင်ရာ ရုံးများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကျင်းပ နိုင်ပါသည်။

OVOP Secretarial သည် ဖော်ပြပါ လုပ်ဆောင်ချက်များစွာကိုလည်း ဆောင်ရွက်သင့်ပါသည်။

(၁) National Committee ၏ Secretariat အဖြစ် ဆောင်ရွက်ရန်

(၂) ဝန်ကြီးဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရမည့် OVOP ဘဏ္ဍာရေးဆောင်ရွက်ခြင်းများ အပါအဝင် နိုင်ငံတော်အဆင့်၌ OVOP ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်ပြုလုပ်ရန်

(၃) National Committee မှ ချမှတ်ထားသည့် မူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်

(၄) OVOP Program အတွက် ဝန်ကြီးဌာနများ/အစိုးရအဖွဲ့အစည်းများနှင့် ဆက်စပ်၍ ခိုင်မာသော ပံ့ပိုးမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရန်

(၅) OVOP အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို အမျိုးသားရေးအသိဖြင့် မြှင့်တင် ဆောင်ရွက်ဖြန့်ဖြူးရန်

(၆) ရွေးချယ်ခြင်းအဆင့် ဆောင်ရွက်နေစဉ်တွင် နိုင်ငံတော်အဆင့် OVOP အကောင် အထည်ဖော်ခြင်း၏ စီမံခန့်ခွဲရေးကိစ္စရပ်များကို တာဝန်ယူစီမံရန် OVOP သို့ အခိုင်အမာ ထောက်ပံ့ပေးနိုင်မှု ပမာဏနှင့် အမျိုးအစားများ ခိုင်မာစေခြင်း၊ OVOP ဆောင်ရွက်မှုများ အသေးစိတ် အစီအစဉ်ချခြင်းနှင့် OVOP Program လှုပ်ရှားမှုများ အစီရင်ခံခြင်း

(၇) ပြည်နယ်နှင့် ခရိုင်အဆင့် OVOP Secretariat Committee သို့ နည်းပညာ အကူအညီ များ ထောက်ပံ့ပေးရန်

(၈) National OVOP database ဖွံ့ဖြိုးစေရန်

(၉) National scale OVOP program monitoring and evaluation များ ဖော်ဆောင်ရန်

## (ခ) Provincial Level အဆင့် OVOP ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း

Provincial အဆင့်တွင် OVOP ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် အစိုးရ၏ လက်အောက်ခံအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည် -

(၁) Provincial အဆင့်တွင် OVOP movement ဖွံ့ဖြိုးတိုးတက်စေရန်

(၂) သက်ဆိုင်ရာ ခရိုင်အသီးသီးတွင် OVOP ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကျိုးရှိစွာ ဆောင်ရွက်နိုင်စေရန်အလို့ငှာ ခရိုင်အစိုးရသို့ နည်းပညာအကူအညီများ ထောက်ပံ့ပေးရန်

(၃) ပြည်နယ်များတွင် OVOP ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်အချိန်မီရရှိစေရန် စီမံခြင်း၊ OVOP project အတွက် အထောက်အပံ့များ ရရှိစေရန် ဆောင်ရွက်ရန်

(၄) ပြည်နယ်များတွင် OVOP ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်မှုများကို monitoring evaluation နှင့် အစီရင်ခံခြင်းများ စုစည်းဆောင်ရွက်ပေးရန်

(၅) ပြည်နယ်အဆင့် OVOP အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ အောင်မြင်မှုရှိရန် OVOP အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု ပုံစံများ မြှင့်တင်ပေးရန်

(၆) ပြည်နယ်များတွင် OVOP monitoring and evaluation များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်

ပြည်နယ် OVOP committee သည် ပြည်နယ် OVOP Secretariat မှ ထောက်ခံမှုများ ရရှိစေနိုင်ပြီး အထူးသဖြင့် OVOP ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်နယ်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ဦးစားပေးအစီအစဉ်အဖြစ် ရရှိလာမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်နယ် OVOP secretariat သည် အထူးသဖြင့် အုပ်ချုပ်သူအစိုးရမှ ခိုင်မာသော မူဝါဒဆိုင်ရာများ ဖြည့်စွက်ထောက်ပံ့ပေးခြင်းဖြင့် အခြားသော သက်ဆိုင်သည့် တက္ကသိုလ်များ (သို့) SME ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်း ဆောင်ရွက်သည့် agency (သို့) အုပ်ချုပ်သူအစိုးရ၏ ကြီးကြပ်မှု အောက်တွင် ရှိသင့်ပါသည်။

Provincial OVOP secretariat မှ ဆောင်ရွက်ရမည့် များစွာသော လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၁) Provincial OVOP committee သည် secretariat အဖြစ် ဆောင်ရွက်ရန်

(၂) ပြည်တွင်းအစိုးရအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် OVOP ၏ ဘတ်ဂျက် အချိန်မီရရှိရေးကိစ္စရပ်များ အပါအဝင် Province OVOP ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ် စီမံရန်

(၃) National ၊ Province OVOP committee မှ ထုတ်ပြန်ထားသည့် မူဝါဒများကို အကောင် အထည်ဖော်ရန်

(၄) National OVOP secretariat နှင့် District OVOP Secretariat အကြား ကူးလူး ဆက်သွယ်ပေးရန်

(၅) ပြည်တွင်းအစိုးရအဖွဲ့အစည်းများမှ ခိုင်မာသော အထောက်အပံ့ပေးမှုများကို ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရန်

(၆) ဒေသအသီးသီးရှိ OVOP အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ မြှင့်တင်ရန်

(၇) National OVOP Secretariat နှင့် Province OVOP committee သို့ ဆောင်ရွက်မှု အစီရင်ခံခြင်းများနှင့် ပြည်နယ်အဆင့်တွင် ခိုင်မာမှုရှိသည့် အထောက်အပံ့များ၏ ပမာဏနှင့် အမျိုးအစားများအပေါ်အဆိုပြုလွှာရွေးချယ်သည့် အစီအစဉ်မှ သက်ဆိုင်ရာ ဒေသများတွင် OVOP အကောင်အထည်ဖော်ခြင်း၏ အုပ်ချုပ်ရေးဆိုင်ရာများ စီမံ ခန့်ခွဲရန်

(၈) OVOP management နှင့် District OVOP Secretariat သို့ နည်းပညာအကူအညီများ ပံ့ပိုးပေးရန်

(၉) သက်ဆိုင်ရာ ဒေသများတွင် ပြည့်စုံသော OVOP ဆောင်ရွက်မှုများ ဖော်ဆောင်ရန်

(၁၀) သက်ဆိုင်ရာဒေသများတွင် OVOP အကောင်အထည်ဖော်ခြင်းအတွက် monitoring and evaluation process များဖြင့် ဖော်ဆောင်ရန်

## (ဂ) District အဆင့် OVOP ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း

ခရိုင်အဆင့်ရှိ OVOP Implementing Committee သည် ခရိုင်အစိုးရ၊ မြို့တော်ဝန်၏ အုပ်ချုပ်မှု အောက်တွင် ရှိသင့်ပါသည်။ အောက်ဖော်ပြပါ အချက်များသည် OVOP Committee ၏ ဆောင်ရွက် ချက်များ ဖြစ်ကြပါသည် -

(၁) ခရိုင်အတွင်းရှိ MSME များ၏ စွမ်းဆောင်မှုများ ရေးဆွဲခြင်းနှင့် အချက်အလက်များ စုဆောင်းရန်

(၂) ခရိုင်အတွင်းရှိ OVOP movement များအတွက် အားပေးခြင်းကို မြှင့်တင်ရန်

(၃) ခရိုင်အတွင်းရှိ OVOP အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများအတွက် ဘတ်ဂျက်နှင့် Plan များ ထားရှိရန်နှင့် OVOP Project အတွက် အထောက်အပံ့များကို mobilize ပြုလုပ်ရန်

(၄) ခရိုင်အတွင်းရှိ OVOP entrepreneurs များအတွက် နည်းပညာအကူအညီနှင့် ခိုင်မာသော အထောက်အပံ့ရရှိရေး ဆောင်ရွက်ရန်

(၅) ခရိုင်အတွင်းရှိOVOPအကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်သူများသို့နည်းပညာအကူအညီအထောက်အပံ့ရရှိရေး ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းကဏ္ဍမှ provincial နှင့် central government တို့ထံမှလည်း အပြန်အလှန် ထောက်ပံ့ပေးနိုင်မှုများရရှိရန်အလို့ငှာ စွမ်းဆောင်ပေးရန်

(၆) ကျေးရွာ၊ ခရိုင်၊ ပြည်နယ်အဆင့်များတွင် ရှင်းလင်းသည့် action plan များ ချမှတ်ခြင်းဖြင့် OVOP အကောင်အထည်ဖော်ဆောင်ရွက်မှုများ အောင်မြင်ရန်အတွက် နည်းလမ်းများ ဖွံ့ဖြိုးစေရန်

(၇) movement များ ဆောင်ရွက်ရာတွင် ပိုမိုအားတက်ပြီး အောင်မြင်စေရန်အလို့ငှာ OVOP movement များ အောင်မြင်မှု ရစေရန် မြှင့်တင်ဆောင်ရွက်ရန်

(၈) OVOP database များ ပေါင်းစပ်ရာတွင် monitoring, evaluation နှင့် reporting လုပ်ရှားမှုများဖြင့် ဖော်ဆောင်ရန်

(၉) province နှင့် national အဆင့်မှ ခိုင်မာသော အထောက်အပံ့များ ရရှိစေရန်အလို့ငှာ ခရိုင် အတွင်းရှိ MSME များနှင့် စီးပွားရေးလုပ်ငန်းအုပ်စုများ ချိတ်ဆက်မှု capacity နှင့် institution များ ဖွံ့ဖြိုးရန်

အထူးသဖြင့် OVOP ဖွံ့ဖြိုးတိုးတက်မှုသည် ခရိုင်အစိုးရမှ ဦးစားပေး ဖွံ့ဖြိုးမှုအစီအစဉ်တွင် အလေးအနက်အားပေးဖော်ဆောင်မည့် လှုပ်ရှားမှုဖြစ်လာလျှင် ခရိုင် OVOP ကော်မတီသည် Provincial OVOP Secretariat မှ ထောက်ခံမှုကို ရရှိစေနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခရိုင် OVOP Secretariat သည် Head of District's Office (သို့) အခြားသက်ဆိုင်ရာ တက္ကသိုလ်များ (သို့) SME ဖွံ့ဖြိုးရေး

ပူးပေါင်းဆောင်ရွက်လျက်ရှိသော သတ်မှတ်ထားသည့် Agency များ၏အောက်တွင် ခိုင်မာသော မူဝါဒများ ထောက်ပံ့ပေးခြင်းဖြင့် အကောင်းဆုံး အပြန်အလှန် အကျိုးပြုမှု ရရှိစေနိုင်မည် ဖြစ်သည်။

ခရိုင် OVOP Secretariat ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည် -

(၁) ခရိုင် OVOP ကော်မတီ၏ secretariat အဖြစ် ဆောင်ရွက်ရန်

(၂) သက်ဆိုင်ရာ အစိုးရတက္ကသိုလ်များနှင့် ဆက်စပ်ဆောင်ရွက်ရမည့် OVOP ဘတ်ဂျက် အချိန်မီရရှိရန် အသေးစိတ် စီမံရေးဆွဲခြင်းများ ဆောင်ရွက်ရန်

(၃) ခရိုင်၊ ပြည်နယ်၊ နိုင်ငံအဆင့် OVOP ကော်မတီများမှ ချမှတ်ထားသည့် မူဝါဒများ အကောင်အထည်ဖော်ရန်

(၄) OVOP နည်းလမ်းများ အသုံးပြုခြင်းအားဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရန်နိုင်သည့် အလားအလာများ ရရှိစေရန် ရေးဆွဲခြင်းနှင့် အချက်အလက်စုဆောင်းရှာဖွေဖော်ထုတ်ရန်

(၅) သက်ဆိုင်ရာ တိုင်းဒေသကြီးအသီးသီးတွင် တက္ကသိုလ်မှရရှိသော နည်းပညာ အကူအညီများနှင့် ခိုင်မာသော အထောက်အပံ့များအား ဖြန့်ဖြူးထောက်ပံ့ပေးရန်

(၆) သက်ဆိုင်ရာ တိုင်းဒေသသီးသီးတွင် OVOP အကောင်အထည်ဖော်ခြင်းများ မြှင့်တင်ရန်နှင့် ချိတ်ဆက်ဆောင်ရွက်ရန်

(၇) သက်ဆိုင်ရာ တိုင်းဒေသကြီးသီးသီးရှိ OVOP သို့ ခိုင်မာသော ထောက်ပံ့မှုပေးနိုင်သည့် ပမာဏနှင့် အမျိုးအစားကို အဆိုပြုလွှာအရ ရွေးချယ်စိစစ်ခြင်းဖြင့် OVOP အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အုပ်ချုပ်ရေးဆိုင်ရာများကို စီမံခန့်ခွဲရန်နှင့် OVOP ဆောင်ရွက်မှုအခြေအနေအား တိုင်းဒေသကြီးရှိ ခရိုင် OVOP ကော်မတီနှင့် Province OVOP Secretariat တို့သို့ အစီရင်ခံ တင်ပြရန်

(၈) ခရိုင်အဆင့် OVOP စီမံခန့်ခွဲမှုများနှင့် OVOP အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီတို့သို့ နည်းပညာအကူအညီများ ထောက်ပံ့ရန်

(၉) သက်ဆိုင်ရာ တိုင်းဒေသအသီးသီးတွင် OVOP ဆောင်ရွက်မှုအခြေအနေများ အပြည့်အဝအောင်မြင်မှုရှိစေရန်

(၁၀) OVOP Program များ monitoring and evaluation ပြုလုပ်ရန်

## (ဃ) OVOP စီမံခန့်ခွဲမှု

OVOP စီမံခန့်ခွဲမှုသည်အောက်ဖော်ပြပါ အခန်းကဏ္ဍများကို ဆောင်ရွက်ရပါမည် -

(၁) MSME များသို့ ၎င်းတို့၏ အဖွဲ့ဝင်စီးပွားရေးလုပ်ငန်းအုပ်စုများကို ဖွံ့ဖြိုးစေရန်

(၂) ၎င်းတို့ အဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် သက်ဆိုင်ရာ အောင်မြင်သည့် တက္ကသိုလ်များသို့ အဆိုပြုလွှာများ ပေးပို့နိုင်ရေး ပြင်ဆင်ရန်

(၃) ၎င်းတို့ အဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် သက်ဆိုင်ရာ အောင်မြင်သည့် တက္ကသိုလ်များသို့ အဆိုပြုလွှာများ ပေးပို့နိုင်ရေး ပြင်ဆင်ရန်

(၄) OVOP Program အတွက် ထောက်ပံ့မှုများအား စုဆောင်းပေးခြင်းဖြင့် ၎င်းတို့ အဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည် တိုးတက်မှုများ ဖော်ဆောင်ရန်

(၅) တက္ကသိုလ်များမှ OVOP အတွက် ပေးသော ခိုင်မာသော ထောက်ပံ့မှုများ (သို့) ရန်ပုံငွေများ စီစဉ်ပေးရန်

(၆) ဥပဒေနှင့်အညီ တရားဝင်တက္ကသိုလ် ဖြစ်စေရန်အလို့ငှာ OVOP တက္ကသိုလ်အဖွဲ့ ထူထောင်ရန်

(၇) အဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်းစဉ်များကို ခရိုင်အဆင့် OVOP အကောင်အထည်ဖော်ရေးကော်မတီသို့ အစီရင်ခံတင်ပြရန်

OVOP Management အဖွဲ့ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် OVOP စီးပွားရေးလုပ်ငန်းစုများ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအပေါ် မူတည်လျက် များစွာသော အစုအဖွဲ့များ ပါဝင်သင့်ပါသည်။ OVOP Management အဖွဲ့အား ပူးပေါင်းဖွဲ့စည်းမှုအဖွဲ့အစည်း (သို့) ၎င်းတို့ အဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပိုမိုအားပေးနိုင်သောနည်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အပံ့ပေးနိုင်သော တခြားသင်ကြားရေးဆိုင်ရာအဖွဲ့အစည်း အမျိုးအစားများအဖြစ် ဖွဲ့စည်းနိုင်ပါသည်။ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း (သို့) အခြား သင်ကြားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အမျိုးအစားများမှ အသင့်တော်ဆုံး စီးပွားရေးလုပ်ငန်းအပေါ် မူတည်ပြီး အဖွဲ့တစ်ခု (သို့) ပိုမိုပိုင်ဆိုင်နိုင်စေရန် ဖွဲ့စည်းရန်ဖြစ်ပါသည်။

OVOP Program ၏ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ထောက်ပံ့ရန်အလို့ငှာ အားပေးနိုင်သော နည်းတစ်ခုမှာ OVOP management အဖွဲ့မှ အကြံဉာဏ်ပေးသူများ (သို့) အောင်မြင်မှု

ရှိသည့် Local entrepreneurs များ (သို့) ဒေသဆိုင်ရာ အဖွဲ့အစည်းခေါင်းဆောင်များ (သို့) ခရိုင်ခွဲများမှ တာဝန်ရှိသူများ (သို့) ကျေးရွာမှတာဝန်ရှိသူများ (သို့) လုပ်ငန်းကဏ္ဍများ ချမှတ်ပေးရန် စဉ်းစားနိုင်ပါသည်။ ဤကဲ့သို့ ဦးဆောင်သူများ ပါဝင်စေခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုများ လှုပ်ရှားမှုတွင် OVOP အဖွဲ့များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရန် စွမ်းဆောင်နိုင်စေဖို့ မျှော်လင့်ခဲ့ပါသည်။ သို့သော်လည်း OVOP အဖွဲ့ဖွံ့ဖြိုးတိုးတက်ရန် တီထွင်ဖန်တီးလှုပ်ရှားမှုနှုန်းများအပေါ်တွင် ပါဝင်သော ဦးဆောင်သူများ၏ ဆိုးကျိုးသက်ရောက် မှုများ လျော့နည်းစေခြင်းသည် ယန္တရားတစ်ခုအဖြစ် ရှိသင့်ပါသည်။

## ၅.၂ ခေါင်းဆောင်မှုစွမ်းရည်

နိုင်မာသောဒေသတွင်း leadership တစ်ခုသည် အဖွဲ့အစည်းအခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုနမူနာ ပုံစံတစ်ခုဖြင့် ပေါင်းစပ်ခဲ့သည့် ယေဘုယျ OVOP movement ၏ အောင်မြင်မှုသော့ချက်ဖြစ်ပါသည်။ local government နှင့် local stakeholder များသို့ OVOP ရင်းနှီးကျွမ်းဝင်စေခြင်းနှင့် ပျံ့နှံ့စေခြင်းသည် အရေးကြီး ဆုံးဖြစ်ကြပါသည်။

ဤကဲ့သို့ဖြင့် OVOP နည်းလမ်းများ အသုံးပြုခြင်းသည် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အောင်မြင်မှုအမျိုးမျိုးကို ပြုလုပ်နိုင်စေမည် ဖြစ်သည်။ လေ့လာနိုင်းယှဉ်ချက်များနှင့် အောင်မြင်သော OVOP programs များ၏ ဥပမာများသည် တိုင်းဒေသများတွင် OVOP ဖွံ့ဖြိုးရန်နှင့် နေသားတကျဖြစ်ရန် ဒေသဆိုင်ရာ အစိုးရကို ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။

Local Leadership တွင် အောက်ဖော်ပြပါအချက်များဖြင့် OVOP ဖွံ့ဖြိုးစေမှုအား ပြုစုပျိုးထောင်နိုင်စေခဲ့သော တာဝန်တစ်ခု ရှိခဲ့ပါသည် -

(၁) OVOP movement အပေါ်အခြေခံသည့် အောင်မြင်သည့်ဒေသဆိုင်ရာ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား ရင်းနှီးကျွမ်းဝင်စေရန် အလေးအနက်အားပေးခြင်း

(၂) အစိုးရ၊ စီးပွားရေးလုပ်ငန်းကဏ္ဍနှင့် အဖွဲ့အစည်းများမှ အစပြုခဲ့သည့် အောင်မြင်သည့် OVOP projects အမျိုးမျိုးအား ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်

(၃) OVOP movement ဖော်ဆောင်ရန် တာဝန်ရှိသည့် ဒေသဆိုင်ရာ အစိုးရများသို့ လိုအပ်သော နည်းပညာအကူအညီနှင့် ခိုင်မာသည့် အထောက်အပံ့များ ပံ့ပိုးပေးရန်

(၄) တိုင်းဒေသအသီးသီးရှိ OVOP ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အောင်မြင်မှုရှိသည့် ဒေသဆိုင်ရာ ဦးဆောင်သူများအတွက် ဆုကြေးငွေများနှင့် အားပေးမှုများ ထောက်ပံ့ပေးခြင်း

**National Leader** ၏ အခန်းကဏ္ဍသည် စီးပွားရေးလုပ်ရှားမှုများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းပေးခြင်းတွင် နည်းလမ်းတစ်ခုအဖြစ် **OVOP** ဖွံ့ဖြိုးတိုးတက်မှု၏ ခံယူချက်များအား လက်ခံယုံကြည်ရန်နှင့် စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် ဒေသဆိုင်ရာ ဦးဆောင်သူများအား လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ ထိုအတောအတွင်း ဒေသဆိုင်ရာ ဦးဆောင်သူများ၏ အခန်းကဏ္ဍသည် **OVOP** နည်းလမ်းများ အသုံးပြုခြင်းအားဖြင့် ဒေသဆိုင်ရာ စီးပွားရေး အဖွဲ့အစည်းများ၊ အခွင့်အာဏာများနှင့် ကျေးရွာစီးပွားရေး ဖွံ့ ဖြိုးတိုးတက်မှု ယုံကြည်ချက်များ လက်ခံယုံကြည်ခြင်းဖြင့် ဦးဆောင်သူအသစ်များ ပြုစုပျိုးထောင်ဖန်တီးပေးရန် ဖြစ်သည်။ ကျေးရွာခေါင်းဆောင်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်း ဦးဆောင်သူများ၊ တက်ကြွသောလူငယ်များ၊ တက်ကြွမှုရှိသည့် အမျိုးသမီးများနှင့် ကျေးရွာခရိုင်ခွဲအဆင့်ရှိ ဒေသတွင်း **entrepreneur** များသည် တိုင်းဒေသများတွင် **OVOP** ဖွံ့ဖြိုးတိုးတက်စေရန် ဒေသဆိုင်ရာ ဦးဆောင်သူများမှ တာဝန်ခံယူမှုရှိစေရန် အားပေးမှု ပြုနိုင်ပါလိမ့်မည်။

**Local Leader** များ၏တာဝန်သည် **OVOP** ဖွံ့ဖြိုးတိုးတက်စေရန် ယုံကြည်ချက်များ မျှဝေရာတွင် လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပေးခြင်း လုပ်ငန်းစဉ်များတွင် ပိုမိုလွယ်ကူစေရန်၊ ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများကို အားပေးမြှင့်တင်နိုင်စေရန်ဖြစ်သည်။ ဤ **local leader** များသည် စီးပွားရေးပြောင်းလဲမှုများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ **OVOP** ပြောင်းလဲခြင်းတွင် ကြိုးစားအားထုတ်မှုများကို အရှိန်မြှင့်တင်နိုင်ပြီး အစိုးရမှ ထောက်ပံ့ပေးမှုများအပေါ် **OVOP Program** ၏ လက်အောက်ခံများအား လျော့ချရန်ဖြစ်သည်။

## ၅.၃ ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများနှင့် အားကောင်းသည့်အထောက်အပံ့များ

**OVOP** ဖွံ့ဖြိုးတိုးတက်မှုသည် စတင်သောအဖွဲ့အစည်း (**bottom-up-approach**)ပေါ် အခြေခံသည့် **OVOP movement** (သို့) ခိုင်မာသော ထောက်ပံ့မှုများနှင့်အတူဖြစ်သော (**top-down-approach**) **OVOP** ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ပုံစံတစ်ခုခုဖြင့် **central** (သို့) **local** အစိုးရမှ စတင်နိုင်လိမ့်မည် ဖြစ်သည်။ နည်းလမ်းနှစ်ခုလုံးသည် အချင်းချင်းပြည့်စုံစွာဖြည့်ဆည်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၏အကျိုးရလဒ်များ ရနိုင်မည်ဖြစ်သည်။ **bottom-up-approach** သည် ဒေသတွင်းအထူးလုပ်ငန်းများပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ ဖွံ့ ဖြိုးစေရန် **local government** မှ ဖော်ဆောင်ပေးခြင်းကို ရရှိစေနိုင်မည်ဖြစ်သည်။ **Central government** သည် **OVOP project** မှ စီးပွားရေး လုပ်ငန်းအဖွဲ့များ၏ စွမ်းဆောင်ရည် တိုးတက်စေရန်အလို့ငှာ နိုင်ငံတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တွင် ထုတ်ကုန်များအား ပိုမို ယှဉ်ပြိုင်စေနိုင်ပါလိမ့်မည်။ **Incubation Phase** မှ **OVOP Champion** သို့ **OVOP movement** ၏ဖွံ့ဖြိုး တိုးတက်မှုကို ပုံ(၅.၂)တွင် တင်ပြထားပါသည်။ ပုံ(၅.၂)

ပုံ ၅.၂ OVOP Movement Development



ပုံ (၅.၂)အား ရှင်းလင်းဖော်ပြခြင်း

က ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသည့် **OVOP** ဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းများအား ပိုမိုအားကောင်းလာစေရန် မူဝါဒနှင့် လမ်းညွှန်မှုများ အထူးအလေးပေးဆောင်ရွက်နေမှုကို ဖော်ညွှန်းပါသည်။

ခ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့်လည်း **OVOP** ကို ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေသည့် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် မှတ်ယူ၍ ခရိုင်အုပ်ချုပ်ရေး အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ရည်ညွှန်းပါသည်။

**OVOP**၏ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်မှာ ခရိုင်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံလုပ်ငန်းရှင်များ ပူးပေါင်းဖော်ဆောင်ထားသည့် စီးပွားရေးလုပ်ငန်းအစုအဖွဲ့ အစပျိုးခြင်း (**the business group incubation**)မှ စတင်ခြင်းဖြစ်ပါသည်။ ဒေသခံလုပ်ငန်းရှင်များအနေဖြင့် **OVOP** ၏ စံညွှန်းများကို ရရှိလိုကြသဖြင့် **MSMEs** များအဖြစ်သို့ ကူးပြောင်းလိုကြပါသည်။

**OVOP** အောင်မြင်ထူးချွန်သူ (**OVOP Champion**)ဖြစ်လာစေရန် ရည်ရွယ်၍ စီးပွားရေး လုပ်ငန်းစုအဖွဲ့များ (သို့) **MSMEs** (**OVOP Producers**)များအား ထောက်ပံ့ကူညီပေးခြင်းဖြင့် **OVOP Project Phase** ကို ဆောင်ရွက်ခြင်းဖြင့် အစပျိုးအဆင့်အား ဆက်လက်ဆောင်ရွက်သွား နိုင်ပါသည်။

**OVOP** ထူးချွန်သူအရေအတွက် များပြားလာမှုသည် ဒေသတွင်း အစိုးရအဖွဲ့၊ စီးပွားရေး ကဏ္ဍများနှင့် လူ့အဖွဲ့အစည်းကို **OVOP Movement** ကို လက်ခံကျင့်သုံးရန်အတွက် တွန်းအား တစ်ခုဖြစ်ကြောင်း ရည်ညွှန်းပါသည်။

**OVOP** ဖွံ့ ဖြိုးစေရန်အတွက် ဆောင်ရွက်ရမည့် လှုပ်ရှားမှု(လုပ်ငန်း)များစွာ လိုအပ်ပါ သည်။ ၎င်းတို့မှာ -

(၁) ဒေသတွင်းရှိ အလားအလာကောင်းသည့် လုပ်ငန်းများမှ အချက်အလက်များ ကောက် ယူစုဆောင်းခြင်း

(၂) ဒေသတွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းဆောင်ရွက်လိုသူများအား စတင်မွေးမြူခြင်း

(၃) စီးပွားရေးလုပ်ငန်းအဖွဲ့များနှင့် **MSMEs** များ၏ စွမ်းရည်များ တိုးတက်အောင် ဆောင်ရွက်ခြင်း

(၄) အကြို OVOP အဖွဲ့များ (pre-OVOP groups) ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း

(၅) OVOP Criteria (or) OVOP program များကို pre-OVOP အဖွဲ့များမှ ရရှိရန် အလို့ငှာ နည်းပညာထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခြင်း

(၆) ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်အစိုးရနှင့် အုပ်ချုပ်ရေး ဌာနများအနေဖြင့် OVOP အဖွဲ့များအတွက် လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခြင်း

(၇) လုပ်ငန်းတိုးတက်မှု ဝန်ဆောင်မှုပေးသည့် ဈေးကွက် [Business Development Services (BDS market)] ကို တိုးတက်စေရန်နှင့် ဝန်ဆောင် မှုများ ရည်ရှည်တည်တံ့စေရန်အတွက် အစိုးရမှ ရွေးချယ်ထားသည့် OVOP အဖွဲ့များ အား service providers များမှတဆင့် ထောက်ပံ့ကူညီမှုများပေးခြင်း

(၈) OVOP groups မှ OVOP Champion Groups များအဖြစ် အသွင်ကူးပြောင်း နိုင်ရန်အတွက် နောက်ဆက်တွဲ ထောက်ပံ့ကူညီမှုများလည်း ဆောင်ရွက် ပေးခြင်း

(၉) အစိုးရအနေဖြင့် OVOP အောင်မြင်တိုးတက်အောင် ဆောင်ရွက်ရန်နှင့် တိုးတက်မှုကို ရရှိသုံးစွဲနိုင်ရန်အတွက် လိုအပ်သည့် လမ်းညွှန်မှုများ ဆောင်ရွက် ခြင်း

(၁၀) ပိုမိုကြီးမားသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းစေရန် OVOP Champion Groups များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့် ဒေသအစိုးရအဖွဲ့၊ စီးပွားရေးလုပ်ငန်း ကဏ္ဍနှင့် ဒေသအဖွဲ့အစည်းတို့ကို အားပေးခြင်း

အထက်ပါ OVOP ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များအား အဆင့်ဆင့် တိုက်တွန်းဆောင်ရွက်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းအတွက် OVOP လှုပ်ရှားမှု (OVOP movement) တစ်ရပ် ဖြစ်လာနိုင်ပါသည်။

OVOP movement ကိုလူ့အဖွဲ့အစည်းအတွင်းအမြစ်တွယ်နိုင်မာစေရန်နှင့်ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရန်အတွက် ထည့်သွင်းစဉ်းစားကြပါသည်။ အဘယ်ကြောင့်ဆိုသော် OVOP movement

သည် အဖွဲ့အစည်း၏ ခြေလှမ်းအစပေါ် အခြေခံထားသကဲ့သို့ OVOP လုပ်ငန်းမိတ်ဖက်အဖြစ် လုပ်ငန်းကဏ္ဍများစွာမှ ထောက်ပံ့ကူညီမှုအပေါ်တွင်လည်း အခြေခံနေပါသည်။ OVOP movement အနေဖြင့် ကျေးရွာ (သို့) ကျေးရွာအစုအဖွဲ့များမှ စီးပွားရေးအလားအလာကောင်းများကို အားပေးမြှင့်တင်နေစဉ် ဒေသအဖွဲ့အစည်းကို အင်အားဖြစ်စေရန်အလို့ငှာ ဒေသခေါင်းဆောင်များ၏ ပံ့ပိုးကူညီမှုလည်း များစွာ လိုအပ်ပါသည်။ OVOP movement ကို လူ့အဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေရန် ဦးတည်ဆောင်ရွက် လျက်ရှိပါသည်။ ထို့အတူ ၎င်းလူ့အဖွဲ့အစည်း တည်ရှိရာဒေသရှိ အလားအလာကောင်းသည့်ထုတ်ကုန်များကိုအရည်အသွေးပိုမိုကောင်းမွန်စွာထုတ်လုပ်ရန်လည်းအဆိုပါအဖွဲ့အစည်းမှ စိတ်ပါဝင်စားလာစေရန်လည်း စည်းရုံးဆွဲဆောင်နိုင်ပါသည်။

OVOP movement ၏ဖွံ့ဖြိုးတိုးတက်မှုသည်အောက်ဖော်ပြပါအဆင့်များစွာကိုလိုက်နာဆောင်ရွက်သင့်ပါသည် -

(၁) အဖွဲ့အစည်း၏ ဘုံစီးပွားရေးလုပ်ငန်းအဖြစ် တိုးတက်လာနိုင်မည့် ကျေးလက်/ဒေသတွင်းရှိ စီးပွားရေးအလားအလာကောင်းများနှင့် ထုတ်ကုန်ဆိုင်ရာ အချက်အလက်များကို ကောက်ယူစုဆောင်းခြင်း

(၂) လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်လာစေရန် အဖွဲ့အစည်း၏စိတ်ပါဝင်စားမှုကို မြှင့်တင်ခြင်း

(၃) ထပ်မံ၍ ဘုံစီးပွားရေးလုပ်ငန်းအဖွဲ့များအဖြစ် အဖွဲ့အစည်း၏ စွန့်ဦးတီထွင်လိုသည့် စွမ်းရည်ကို တိုးတက်အောင် ဆောင်ရွက်ခြင်း

(၄) စီးပွားရေးလုပ်ငန်းအဖွဲ့များအား ပိုမိုတောင့်တင်းခိုင်မာလာစေသည့် အထောက်အပံ့များဖြစ်သည့် မတည်ရင်းနှီးငွေ၊ ဈေးကွက်၊ နည်းပညာ၊ ထုတ်ပိုးမှုနည်းစဉ်နှင့် အရည်အသွေး ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စရပ်များကို ပံ့ပိုးပေးခြင်း

(၅) ကျေးရွာ၏အဓိကထုတ်ကုန်များကိုလွတ်လပ်စွာထုတ်လုပ်နိုင်သည့်စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် ၎င်းတို့၏စွမ်းရည်များကို မြှင့်တင်ပေးခြင်း

(၆) MSMEs များအား အဆင့်အလိုက် သတ်မှတ်၍ စုပေါင်းပံ့ပိုးမှုများ လုပ်ဆောင်ပေးခြင်းဖြင့် တိုးတက်အောင် ဆောင်ရွက်ပေးခြင်း

(၇) လူသိများသည့် ကျေးလက်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်အတွက် MSMEs နှင့် စီးပွားရေးလုပ်ငန်း အဖွဲ့များအကြား ပေါင်းစပ်ဆောင်ရွက်မှု တိုးတက်လာစေရန် ဆောင်ရွက်ခြင်းနှင့်

(၈) ယှဉ်ပြိုင်စွမ်းသော အစိုးရအစီအစဉ် (သို့) OVOP project များ ရရှိလုပ်ဆောင်နိုင်ရန် အတွက် OVOP movement group များ ဖွဲ့စည်းရန် ပြင်ဆင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

အစိုးရမှ စတင်ဆောင်ရွက်နေသည့် OVOP Projects များအနေဖြင့်လည်း ထုတ်ကုန်တစ်ခုကို ရွေးချယ်သတ်မှတ်ရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အလားအလာကောင်းသည့် products များကိုသာ ရွေးချယ်လိုကြပါသည်။ ထို့ကြောင့် ဒေသတွင်း အစိုးရ အဖွဲ့အနေဖြင့် OVOP movement ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများ၌ လုံလောက်သော စီးပွားရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနိုင်ရန်အလို့ငှာ လှုံ့ဆော်မှုများ၊ အားပေးမြှင့်တင်မှုများ ဆောင်ရွက် သင့်ပါသည်။

OVOP project သည် OVOP development ကို အချိန်တိုအတွင်း၌ ပိုမိုကျယ်ပြန့်လာစေရန် မိတ်ဆက်ပေးခြင်း၊ လှုံ့ဆော်ပေးခြင်းတို့အပေါ်များစွာ အကျိုးဖြစ်ထွန်းစေပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ လှုံ့ဆော်ဆောင်ရွက်မှုများကို ပြည်ထောင်စုအစိုးရမှ ဦးဆောင်၍ နိုင်ငံတော်အဆင့် (top down approach)အနေဖြင့် ပြုလုပ်ဆောင်ရွက်ရပါသည်။ အဆိုပါ လုပ်ငန်းစဉ် အောင်မြင်တိုးတက်ရန်မှာလည်း နိုင်ငံတော်အစိုးရ၏ အားသွန်ခွန်စိုက် အားပေးကူညီလိုမှုအပေါ်တွင် မူတည်နေသကဲ့သို့ လုံလောက်သော အချိန်အတိုင်းအတာ (e.g. ၁၀ နှစ် (သို့) ထို့ထက်ပိုသော) တစ်ခုတွင်း လိုအပ်သည့်မူဝါဒနှင့် ဘတ်ဂျက် များ ရေရှည်ချမှတ်ဆောင် ရွက်ရန်လည်း လိုအပ်ပါသည်။

အစိုးရမှ ခွင့်ပြုထားသည့် ဘတ်ဂျက်အခြေအနေမှာလည်း အကန့်အသတ်ရှိနေသောကြောင့် project ဆောင်ရွက်ရာတွင်လည်း အလားအလာကောင်းသော၊ ဒေသထုတ်ကုန်များကို နိုင်ငံတကာသို့ ထိုးဖောက်ရန် ထုတ်လုပ်နိုင်မည့် စီးပွားရေးအဖွဲ့များ (သို့) MSMEs များကိုသာ ရွေးချယ်ဆောင်ရွက်သင့် ပါသည်။

## OVOP Program ၏ ဆောင်ရွက်မှုအဆင့်များ

အောင်မြင်သော OVOP ဆောင်ရွက်မှုတွင် အဆင့်များစွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။ (ပုံ ၅.၃)။ အဆိုပါအဆင့်များကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတစ်နိုင်ငံချင်း၏ လူ့အဖွဲ့အစည်း၊ အစိုးရ၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ချိန်ညှိရမည် ဖြစ်ပါသည်။

ပုံ ၅.၃ **OVOP Program Implementation Steps**




အဆိုပါ ဆောင်ရွက်ရမည့် အဆင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## အဆင့်(၁) Establish OVOP National Committee and National Secretariat (OVOP ဗဟိုကော်မတီနှင့် အတွင်းရေးမှူးချုပ်ရုံးများ ဖွဲ့စည်းတည်ထောင်ခြင်း)

OVOP ကို ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် အစိုးရ (နိုင်ငံတော်) ခေါင်းဆောင်များမှ မူဝါဒများ ချမှတ်ဖော်ဆောင်ပေးရန်အတွက် နိုင်ငံတော်အဆင့် OVOP ဗဟိုကော်မတီနှင့် အတွင်းရေးမှူးချုပ်ရုံးများ ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ပါသည်။

အဆိုပါ ကော်မတီနှင့် အတွင်းရေးမှူးချုပ်ရုံးတို့မှ လုပ်ငန်းများ (Stakeholders)များထံသို့ OVOP ၏ သဘောတရားနှင့် ဆောင်ရွက်ဖွယ်ရာများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။ အတွင်းရေးမှူးရုံးအနေဖြင့် OVOP ဆိုင်ရာ ထောက်ပံ့ကူညီမှုများအတွက် နှစ်စဉ်ဘဏ္ဍာငွေရရှိရန် လိုအပ်သည့် ဆုံးဖြတ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်ရန်လိုအပ်ပါသည်။

## အဆင့်(၂) Promotion of OVOP to Province and District Stakeholders by OVOP National Secretariat

## (OVOP အတွင်းရေးမှူးချုပ်ရုံးမှ ပြည်နယ်/တိုင်း/ခရိုင်များအတွက် ပံ့ပိုးဆောင်ရွက်မှု)

OVOP အတွင်းရေးမှူးချုပ်ရုံးမှ OVOP သဘောတရားနှင့် ဆောင်ရွက်ဖွယ်ရာများကို Stakeholders များထံသို့ ဖြန့်ဝေပေးရန် လိုအပ်ပါသည်။ ထို့အတူ ပြည်နယ်/တိုင်းဒေသကြီး OVOP ကော်မတီနှင့် ခရိုင် OVOP ကော်မတီကိုဖွဲ့စည်းဆောင်ရွက်ရေး၊ အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ခန့်ထားနိုင်ရေး မြှင့်တင်ရပါမည်။

## အဆင့်(၃) OVOP Promotioin to Community by District OVOP Committee

## (ခရိုင် OVOP ကော်မတီ၏ ပံ့ပိုးဆောင်ရွက်မှု)

ခရိုင် OVOP ကော်မတီအနေဖြင့် မိမိတို့၏ ခရိုင်အတွင်းရှိ အဖွဲ့အစည်းခေါင်းဆောင်များနှင့် လုပ်ငန်း ကဏ္ဍအသီးသီးသို့ OVOP ဆိုင်ရာ သဘောတရားများကို ဖြန့်ဝေပေးပါမည်။ ထို့အတူ ဒေသ သယံဇာတများအပေါ်အခြေခံထုတ်လုပ်သည့်စီးပွားရေးလုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ရေးအတွက် လူထုကိုလည်း စိတ်ပါဝင်စားလာအောင် လုပ်ဆောင်ရပါမည်။

## အဆင့်(၄) Business Incubator and Improvement of MSME Capacity by district Government

## (ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနမှ MSME များ၏ စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်မှု)

ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသတွင်းရှိ အရင်းအမြစ်များကို အခြေခံသော စီးပွားရေးအဖွဲ့များ (business groups) MSME များကို ပိုမိုကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် business incubator တစ်ခုဖြစ်ပေါ်လာအောင် လုပ်ဆောင်သင့်ပါသည်။ အဆိုပါ Business Incubator ကို လုပ်ငန်း အသစ်များအတွက် ရင်းနှီးငွေများ ထောက်ပံ့ပေးခြင်း၊ စွမ်းရည်ထူထောင်ခြင်းဆိုင်ရာ သင်တန်းများ၊ ညွှန်ကြားပြသမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ဖော်ဆောင်နိုင်ပါသည်။ Business Groups နှင့် MSMEs များ ဖွဲ့စည်းပြီး ဖြစ်သည့် ဒေသများတွင်မူ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် OVOP Program ဆိုင်ရာ စံချိန်စံညွှန်းများကို ဖြည့်ဆည်းနိုင်ရေးအတွက် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများ ကိုလည်း ဆောင်ရွက်ပေးနိုင်ပါသည်။

## အဆင့်(၅) OVOP Proposal

## (OVOP အဆိုပြုလွှာ)

OVOP Program လုပ်ဆောင်ရန် စိတ်ပါဝင်စားကြသည့် Business Groups များအနေဖြင့် လုပ်ငန်းဆောင်ရွက်မည့် proposal တစ်စောင်ကို ပြင်ဆင်ရေးဆွဲထားသင့်ပါသည်။ အဆိုပါ proposal ကို ခရိုင် OVOP ကော်မတီအတွင်းရေးမှူးထံသို့ ပေးပို့ရမည်ဖြစ်ပါသည်။ proposal ရေးဆွဲရာတွင် ထည့်သွင်း ရေးဆွဲရမည့် အချက်တစ်ချက်မှာ ထုတ်ကုန်နှင့် ဝန်ဆောင်မှုတူညီမှုရှိခြင်း၊ ဈေးကွက်အလားအလာရှိခြင်းနှင့် လူ့အဖွဲ့အစည်းထံသို့အရောက် ဖြန့်ဖြူးနိုင်ရမည်ဖြစ်ပါသည်။

အဆိုပါ ဆောင်ရွက်ရမည့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

## အဆင့်(၆) First Selection at District Level

## (ခရိုင်အဆင့် ရွေးချယ်မှု)

ဆောင်ရွက်ရန်တင်ပြလာသည့် OVOP Proposal အား ခရိုင် OVOP ကော်မတီက ရှေးဦးစွာ စိစစ် ရွေးချယ်ရပါမည်။ ထိုသို့ရွေးချယ်ရာတွင်လည်း ကော်မတီအတွင်းရေးမှူးရုံးမှ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ထားသည့် ရလဒ်များအပေါ်တွင် အခြေခံ၍ ရွေးချယ်ရပါမည်။ အဓိကအားဖြင့် အောက်ပါ အချက်များပေါ်မူတည်၍ ရွေးချယ်ရပါမည် -

(၁) Proposal အနေဖြင့် OVOP criteria များကို ရရှိရမည်။

(၂) ထုတ်ကုန် (သို့) ဝန်ဆောင်မှုနှင့် ဈေးကွက်တို့ကို တစ်မျိုးတည်းအဖြစ် စုစည်းရရှိနိုင်မှုနှင့် လူ့အဖွဲ့အစည်းထံသို့ ထိထိရောက်ရောက် ဖြန့်ဖြူးနိုင်ရမည်။

(၃) Proposal ၏ အားသာချက်၊ အားနည်းချက်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ချက်များ ထောက်ပံ့ပေးနိုင်ရမည်။

(၄) Proposal နှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက် (၂) ချက်အား လိုက်နာဆောင်ရွက်ရမည် -

(က)

(၁) OVOP ဗဟိုအတွင်းရေးမှူးချုပ်ရုံးသို့သော်လည်းကောင်း

(၂) ပြည်နယ်/တိုင်းဒေသကြီးများရှိ OVOP အတွင်းရေးမှူးရုံးသို့ အရည်အသွေးသော်လည်းကောင်း

(ဃ) ခရိုင်အုပ်ချုပ်ရေးမှူးထံမှ ထောက်ပံ့ကူညီမှု ရရှိနိုင်ရန်သော်လည်းကောင်း၊ တင်သွင်းရန် အရည်အသွေး သင့်လျော်ကောင်းမွန်သော Proposal ဖြစ်ရမည်။

(ခ) နောင်တွင် OVOP Program ကို ရရှိလုပ်ဆောင်နိုင်ရန်အလို့ငှာ ညွှန်ကြားပြသမှုများလည်း လိုအပ်ပါသည်။

## အဆင့်(၇) Processing the Proposal, Eligible (သင့်လျော်သော အဆိုပြုလွှာကို ရွေးချယ်စိစစ်ခြင်း)

အဆိုပြုလွှာ (Proposals)များ၏ ပြည့်မီသော အရည်အသွေးအဆင့်ပေါ်မူတည်၍ သင့်လျော်သော အဆိုပြုလွှာများကို National Committee Secretariat (သို့) Provincial Committee သို့ တင်ရမည်ဖြစ်ပါသည်။ District Government မှ ပိုမိုအားကောင်းသော အထောက်အပံ့များ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် သင့်လျော်သည့် အဆိုပြုလွှာများကို OVOP group များ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် အထောက်အပံ့ အစီအစဉ်များရှိသော Local Government Unit များမှ ကြီးကြပ်ကွက်ကဲရမည်ဖြစ်ပါသည်။ နောက်ထပ်ရွေးချယ်ထားသည့် လုပ်ငန်းစဉ်များအတွက် သင့်လျော်သောအဆိုပြုလွှာများကို National Secretariat သို့ တင်ပြရမည်ဖြစ်ပါသည်။ အရည်အသွေးမပြည့်မီသော အဆိုပြုလွှာများကို ရှင်းလင်းချက်များနှင့် နောက်ထပ် လမ်းညွှန်ချက်များ ဖြည့်စွက်လျက် OVOP group များသို့ ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။

## အဆင့်(၈) Second Selection by National Secretariat and / or Provincial Committee (National Secretariat (သို့) Provincial Committee မှ ဒုတိယအဆင့် ရွေးချယ်ခြင်း)

ဒုတိယအဆင့် ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို National Committee မှ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ OVOP National Secretarial Committee သည် Provincial Committee ကို ၎င်းတို့၏ နယ်မြေဒေသအသီးသီးတွင် အဆိုပြုလွှာ ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် တာဝန်သတ်မှတ်ပေးနိုင်ပါသည်။ Provincial Committee သည် ရွေးချယ်သည့် လုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်သင့်ပါသည်။ (Screening Form of OVOP Program ကို Appensix 2 တွင် ကြည့်ရှုနိုင်ပါသည်။

Selection Process (ရွေးချယ်သည့်လုပ်ငန်းစဉ်များ)ကို အောက်ပါသွင်ပြင်လက္ခဏာများ အတိုင်း စဉ်းစားသုံးသပ်သင့်ပါသည် -

(၁) စီမံကိန်း ဧရိယာများ ညီမျှစွာ ပျံ့နှံ့တည်ရှိနေမှု

(၂) OVOP လုပ်ငန်းများ အောင်မြင်စေရန်အတွက် လမ်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု စသည့် အထောက်အကူပြု အခြေခံအဆောက်အဦများ ရရှိနိုင်မှု

(၃) BDS-P, Financial instututions နှင့် ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများ (educational and research institutions) စသည့် ဝန်ဆောင်မှု ပေးသူများ (service provides) ရရှိနိုင်မှု

(၄) မတူညီသော ထုတ်ကုန်ကွဲပြားမှု (Strong Production Differentiation)ရရှိစေရန် အတွက် ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော ပြိုင်ဘက်ကင်း ဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု (uniqueness at products/ services)

(၅) တည်ထောင်ပြီးသော OVOP institution များ တည်ရှိမှု

(၆) ဒေသဆိုင်ရာ/ခရိုင်အစိုးရ၏ ပံ့ပိုးမှု

## အဆင့်(၉) Selection of OVOP Program Recipients (OVOP Program တွင် ပါဝင်မည့်သူများကို ရွေးချယ်ခြင်း)

National Secretariat သည် ရွေးချယ်မှုအဆင့်များ (selection processes)ကို အောင်မြင်ပြီး သည့်OVOPProgramတွင်အသင်းသားများကိုအတည်ပြုဆုံးဖြတ်ပြီးOVOPစီးပွားရေးလုပ်ငန်းအဖွဲ့များ (OVOP business groups) / အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs)များ၏ ဖွံ့ဖြိုးတိုးတက်မှု အတွက် ဆုချီးမြှင့်ခြင်းခံရနိုင်သည့် အထောက်အပံ့ပုံစံများနှင့် OVOP Program တွင် ပါဝင်မည့်သူများ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်မည့် ဝန်ဆောင်မှုများပေးသည့် အရန်အဖွဲ့ (alternative service providers)များကိုလည်း ဆုံးဖြတ်ပေးရပါမည်။ National Secretariat သည် OVOP တွင် အသင်းသား များအား ရွေးချယ်ထားသည့် ရလဒ်ကို OVOP Business Groups/SME များထံသို့ Provincial နှင့် District Committee များမှတဆင့် "Certificate of OVOP Participants" လက်မှတ်ပုံစံဖြင့် ကြေငြာ ပေးရမည်ဖြစ်ပါသည်။ "Certificate of OVOP Participants" လက်မှတ်ရပြီးသည့် Participant

များသည်ကြယ်ပွင့်များဖြင့်အဆင့်သတ်မှတ်ချက် (Stars rating)ပါဝင်သော OVOP logo နှင့်မှတ်ပုံတင်နံပါတ် (registration number)ကို အသုံးပြုရန်နှင့် နောက်ထပ်အထောက်အပံ့များ ရရှိစေရန်အလို့ငှာ National secretariat မှ သတ်မှတ်ပေးသည့် OVOP အဆင့်သတ်မှတ်အကဲဖြတ်ဆန်းစစ်မှု (OVOP ranking arrestment)ကို ခံယူနိုင်ပါသည်။

## အဆင့်(၁၀) Alliance With Service Provider Service Providers (Service Providers များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း)

National Secretariat Committee မှ OVOP Program နှင့် သင့်လျော်သော Service Provider များ၏ သတ်မှတ်ချက်များ (Criteria)ကို ဆုံးဖြတ်ပေးရမည်ဖြစ်ပြီး အရည်အချင်းပြည့်မီသော Service Provider များကို ရွေးချယ်ပေးရမည်ဖြစ်ပါသည်။ NSC သည် OVOP groups များကို ထောက်ပံ့သည့် Provider များ၏ ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် Service အခွန်အခနှုန်းထားများကို သတ်မှတ်နိုင်ပါသည်။

ရွေးချယ်ခံရသည့် Service Provider များသည် ၎င်းတို့၏ ကျွမ်းကျင်မှု (competencies)အရ OVOP groups များကို ထောက်ပံ့ရမည် ဖြစ်ပါသည်။ ဥပမာ -

(i) Marketing Consultant (ဈေးကွက် အတိုင်ပင်ခံ)

(ii) Branding and packaging (ကုန်အမှတ်တံဆိပ်နှင့် ထုပ်ပိုးခြင်း)

(iii) Technical training (နည်းပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း)

(iv) Business management training (စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများပေးခြင်း)

(v) Information technology (သတင်းအချက်အလက် နည်းပညာ)

(vi) Production technology (ထုတ်လုပ်မှုဆိုင်ရာ နည်းပညာ)

(vii) Quality management (အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု)

(viii) Financial support (ငွေကြေးထောက်ပံ့မှု)

(ix) Facilitate intellectural property right (ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အထောက်အပံ့ပေးခြင်း)

(x) Others (အခြားကိစ္စများ)

Provincial Committee နှင့် District Committee သည် National Secretariat ၏လမ်းညွှန်မှုဖြင့် OVOP ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Service Provider များကို ရွေးချယ်နိုင်ပြီး ဒေသတွင်းဘတ်ဂျက် (regional budget)မှ ကျခံသုံးစွဲနိုင်ပါသည်။ OVOP program အတွက် Business Development အားလုံးသည် Service National (သို့) Secretariat Provincial (သို့) Committee District (သို့) Committee တွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။ (Figure 6.1 တွင် ကြည့်ပါ။)

OVOP program အား ထောက်ပံ့နိုင်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ဆောင်မှုဈေးကွက် (BDS market) နှင့်အသေးစားငွေကြေးဈေးကွက် (micro financial market development) ဖွံ့ဖြိုး တိုးတက်မှုရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် အဆိုပါ အထောက်အပံ့များကို provincial/district government များမှ တိုက်ရိုက်ထောက်ပံ့လိမ့်မည်မဟုတ်ဘဲ ကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသော service provider များမှတဆင့် ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ကျွမ်းကျင်သည့် service provider မရှိသော District များသည် BDS စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကို အားပေးသင့်ပါသည်။ သို့တည်းမဟုတ် ၎င်းတို့၏ နယ်ပယ်တွင် ဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်ရန် BDS များကို ဆွဲဆောင်ခြင်း (သို့) ၎င်းတို့၏ နယ်မြေတွင် BDS market ဖွံ့ဖြိုးစေရန် အားပေးကူညီသင့်ပါသည်။

## အဆင့်(၁၁) Provision of Business Development Services
## (စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း)

Service Provider များသည် Provincial (သို့) District Committee မှတဆင့် National Secretarial သို့တင်ပြရန် လိုအပ်သည့် OVOP Project ၏ BDS အတွက် လိုအပ်ချက်များ၊ ဝန်ဆောင်မှုအရည်အသွေး၊ ပုံစံတို့ကို သင့်လျော်စွာ ဆုံးဖြတ်သင့်ပါသည်။

District Committee သည် ဝန်ဆောင်မှု အထောက်အပံ့များ ပေါ်ထွက်လာခြင်းကို အတည်ပြုညွှန်ကြားရမည်ဖြစ်ပါသည်။ ထို့နောက် Service Provider များသည် OVOP လိုအပ်ချက်များအရ ဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်ပါသည်။ OVOP ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပြီးသည့်နောက် Service Provider သည် အစီရင်ခံစာတစ်စောင်ရေး၍ ၎င်းထောက်ပံ့ပေးပြီးဖြစ်သော ဝန်ဆောင်မှုများ အတွက် invoice ကို တင်ပြသင့်ပါသည်။ District Committee သည် ဝန်ဆောင်မှုများ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း ရှိ/မရှိကို စစ်ဆေးရမည် ဖြစ်ပါသည်။ ထို့နောက် ကော်မတီသည် (Sources of financins) ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များအရ အဆိုပါ



F1(

ဝန်ဆောင်မှုများအတွက် ငွေပေးချေမှုကို District Committee (သို့) Provincial Committee (သို့) National Secretarial သို့ တင်ပြရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အဆင့်(၁၂) Monitoring and Follow-up
## (စောင့်ကြည့်ကွပ်ကဲခြင်းနှင့် နောက်ဆက်တွဲ ဆောင်ရွက်ခြင်း)

District Committee သည်၎င်းတို့၏နယ်မြေအတွင်းရှိ OVOP group များ၏မှတ်ပုံတင်ခြင်းနှင့် အချက်အလက်စုဆောင်းခြင်းတို့ကို ဆောင်ရွက်သင့်ပြီး အဆိုပါစာရင်းများကို Provincial Committee နှင့် National Secretariat Committee သို့ ဆက်လက်တင်ပြသင့်ပါသည်။ မှတ်ပုံတင်ပြီးသော OVOP group များသည် membership member (အဖွဲ့ဝင်နံပါတ်) ကို ရရှိမည်ဖြစ်ပါသည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် (Registration Process)သည် အစိုးရထံမှ အထောက်အပံ့ရပြီးသော OVOP group များနှင့် မည်သည့်အထောက်အပံ့မှရရှိခြင်းမရှိသေးသည့် OVOP group နှစ်မျိုးစလုံးနှင့် အကျုံးဝင်ပါသည်။ (Appendix 1 တွင် Registration Form ကိုကြည့်ပါ။) Distriot Committee, Provinial Committee National Secretariat OVOP group OVOP National Secretarial OVOP (policy formulation)

## ၅.၄ အချက်အလက်စုဆောင်းခြင်း၊ သတ်မှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း
### (က) အချက်အလက်စုဆောင်းခြင်း

District/City Government သည် ၎င်းတို့၏ နယ်မြေအတွင်း တည်ရှိသည့် SME group များနှင့် OVOP ကို မှတ်ပုံတင်ပေးရပါမည်။ အမည်၊ လိပ်စာနှင့် ထုတ်ကုန်များကို database စာရင်း တည်ဆောက်ထားသင့်ပြီး အဆိုပါဒေသတွင် OVOP ဖွံ့ ဖြိုးတိုးတက်မှုနှင့်လိုအပ်သော အထောက်အပံ့ အမျိုးအစားများကို ဖော်ပြပေးနိုင်သော SWOT (Strenght, Weakners, Opportunities and Threats) အားသာချက်၊ အားနည်းချက်၊ အခွင့်အရေးနှင့် ခြိမ်းခြောက်မှုများကို ခွဲခြားပြုစုထားသင့်ပါသည်။ National Secretarial သည် စုစည်းထားသည့် OVOP database တစ်ခုကဲ့သို့ data collection system ဖွံ့ ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

OVOP registration process များပြီးလျှင် OVOP data collection ကိုဆောင်ရွက်သင့်ပါသည်။ OVOP registration သည် နိုင်ငံတစ်ခုချင်းစီရှိ ဥပဒေနှင့် ကိုက်ညီစေရန်အလို့ငှာ တရားဝင် စီးပွားရေးလုပ်ငန်းများကိုဥပဒေအရတရားဝင်(business legality)အဖြစ်သို့ စတင်သည့်အမှတ်တစ်ခု ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီး SME များသို့ OVOP group များကို ဥပဒေကြောင်းအရ တရားဝင် (legality)ဖြစ်ရန်နှင့် Cooperatives (သမဝါယမအသင်းအဖွဲ့များ)၊ Coporation (ကော်ပိုးရေးရှင်း)ကဲ့သို့သော OVOP entrepreneur များ၏ စိတ်ဝင်စားမှုများကို ကိုယ်စားပြုရန် အားပေးသင့်ပါသည်။ Legality ဆိုသည်မှာ ၎င်းတို့ကို global market ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်စေရန် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ (ဥပမာ - ဘဏ်လုပ်ငန်း (Banking)ရရှိစေရန် အတွက် စွမ်းဆောင်ပေးနိုင်ပါသည်။ (Appendix မှ Figure 6.2 ကို ကြည့်ပါ။)

OVOP မှတ်ပုံတင်ခြင်းကို အောက်ပါလုပ်ထုံးလုပ်နည်း (၂)မျိုးဖြင့် ဆောင်ရွက်နိုင်ပါသည်။

(၁) အစိုးရစီမံကိန်းမှ ထောက်ပံ့ပေးခြင်းခံရသည့် OVOP

အဆိုပါ OVOP group များသည် National secretarial သို့ တင်ပြသည့် အဆိုပြု Submission Process နှင့်အတူ အလိုလျောက် မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

(၂) Community Initated OVOP (OVOP that is not supported by government project) အစိုးရအထောက်အပံ့မရသော OVOP

အထောက်အပံ့ တစ်စုံတစ်ရာမရသော OVOP group များသည် ၎င်းတို့၏ OVOP Product' OVOP ထုတ်ကုန်များကို မှတ်ပုံတင်ရန် စိတ်ဝင်စားပါက အောက်တွင်ဖော်ပြထားသည်တို့ကို ဆောင်ရွက် ရမည်ဖြစ်ပါသည် -

(၁) စီးပွားရေးအဖွဲ့များ (သို့) SME များသည် registration form ကို ဖြည့်စွက်ပြီး District Committee မှတစ်ဆင့် National Secretarial သို့ တင်ပြရမည်ဖြစ်သည်။

(၂) National Secretarial သည် District Committee ကို Business group များ၏ ထုတ်ကုန်များ၊ လုပ်ငန်းစဉ်များနှင့် OVOP သတ်မှတ်ချက်နှင့် ၎င်းတို့၏ လိုက်နာမှုများကို စမ်းသပ်ရန် တာဝန်ပေးအပ်သည်။

(၃) OVOP သတ်မှတ်ချက်များကို လိုက်နာသည့် ထုတ်ကုန်များကို National Secretarial မှ မှတ်ပုံတင်အခြေအနေ Registered Status ကို ထုတ်ပေးမည်ဖြစ်ပါသည်။

(၄) OVOP သတ်မှတ်ချက်နှင့် မကိုက်ညီသော ထုတ်ကုန်များကို 'Can not be registered' ဆိုသည့် "မှတ်ပုံတင်ခြင်းမပြုနိုင်" ဟု ဖော်ပြမည်ဖြစ်ပြီး ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်စေရန် အတွက် မှတ်ချက်များ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

## (ခ) OVOP အဆင့်သတ်မှတ်ခြင်း

OVOP သို့ SME business group (SME စီးပွားရေးအဖွဲ့)များ၏ ထုတ်ကုန်များသည် OVOP ထုတ်ကုန်များစာရင်းတွင် ဖော်ပြခံရပြီးဖြစ်ပါက National Secretariat မှ OVOP Cretificate ကို ချီးမြှင့်မည် ဖြစ်ပါသည်။ OVOP Certificate သည် National Secretarial မှ ခန့်အပ်ထားသော OVOP rating institution မှ ပုံမှန်ကျင်းပသည့် OVOP စီးပွားရေးအဖွဲ့အဆင့် သတ်မှတ်ခြင်း (OVOP business group rating)ကို ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ Appendix 2 မှ Screening Form ကို OVOP rating ဖွံ့ဖြိုးတိုးတက်ရန်အတွက် စံမှတ်တစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။

OVOP ထုတ်ကုန်များကို ကြယ်ပွင့်သင်္ကေတဖြင့် အဆင့်သတ်မှတ်အကဲဖြတ်ပြီး အောက်ပါအတိုင်း ခွဲခြားပါသည် -

(၁) 5 Star [ ကြယ်(၅)ပွင့် ] OVOP ထုတ်ကုန်များသည် အရည်အသွေး အကောင်းဆုံးရှိပြီး (export market) ပို့ကုန်ဈေးကွက် ထိုးဖောက်နိုင်ပါသည်။

(၂) 4 Star [ ကြယ် (၄)ပွင့် ] OVOP ထုတ်ကုန်များသည် အလွန်ကောင်းသော အရည်အသွေးရှိပြီး၊ national market (နိုင်ငံတွင်းဈေးကွက်)တွင် သင့်လျော်ပါသည်။ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ထုတ်ကုန်များသည် Exportmarket အတွက် 5 Star ရရှိရန် မျှော်လင့်ရပါသည်။

(၃) 3 Star [ ကြယ် (၃) ပွင့် ] OVOP ထုတ်ကုန်များသည် အရည်အသွေးကောင်းပြီး Local market (ဒေသတွင်းဈေးကွက်)တွင် သင့်လျော်ပါသည်။ ပိုမိုကောင်းမွန်အောင် ဆောင် ရွက်ခြင်းဖြင့် ထုတ်ကုန်များသည် National Market အတွက် 4 Star rating ကိုရရှိနိုင် ပါသည်။

(၄) 2 Star [ ကြယ် (၂) ပွင့် ] OVOP ထုတ်ကုန်များသည် အတော်အသင့်ကောင်းမွန်သော အရည်အသွေးရှိပြီး ၎င်းတို့၏ ထုတ်ကုန်အရည်အသွေးမြှင့်တင်ရန် လမ်းညွှန်မှုများ လိုအပ်ပါသည်။ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ထုတ်ကုန်များသည် 3 Star rating ရရှိရန် မျှော်လင့်ရပါသည်။

(၅) 1 Star [ ကြယ် (၁) ပွင့် ] OVOP ထုတ်ကုန်များသည် 2 Star rating ရရှိရန် သိသာထင်ရှားသော တိုးတက်မှုများ လိုအပ်ပါသည်။

(၆) Non-star OVOP Products (ကြယ်မရသော OVOP ထုတ်ကုန်များ)သည် 1 Star (သို့) 2 Star rating ရရှိရန် လမ်းညွှန်မှုများနှင့် တိုးတက်မှုအဆင့်များ လိုအပ်နေဆဲဖြစ်ပါသည်။

အဆင့်သတ်မှတ်ချက် ရလဒ်များကို OVOP SME များသို့ business group များ မြှင့်တင်ရေး အတွက် central government၊ local government နှင့် business sector များမှ အသုံးပြုနိုင်မည် ဖြစ်ပါသည်။

OVOP busines group များမှလည်း အဆိုပါရလဒ်များကို ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အရင်းအမြစ်များ၊ ဘဏ်လုပ်ငန်းမှ စီးပွားရေးဆိုင်ရာ ငွေကြေး (business financing)ကဲ့သို့ အရင်းအမြစ်များ ရရှိရန်အတွက်လည်း အသုံးပြုနိုင်ပါသည်။

## (ဂ) စောင့်ကြည့်အကဲဖြတ်ခြင်း

OVOP ဆောင်ရွက်ချက်များကို District/ City Committee မှပုံမှန်အားဖြင့်သော်လည်းကောင်း၊ အနည်းဆုံးတစ်နှစ်လျှင် နှစ်ကြိမ်သော်လည်းကောင်း စောင့်ကြည့်အကဲဖြတ်သင့်ပါသည်။ National secretarial သည် Province Committee မှတဆင့် (OVOP performance monitoring) OVOP ဆောင်ရွက်ချက်များ စောင့်ကြည့်ခြင်းကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ဆောင်ရွက်သင့်ပါသည်။ စောင့်ကြည့်ခြင်းအားဖြင့် ရရှိလာသော ရလဒ်များကို အနာဂတ်တွင် OVOP ဖွံ့ ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒချမှတ်ခြင်းနှင့် OVOP လုပ်ဆောင်ချက်များကို အကဲဖြတ်တွက်ချက်ရန် အခြေခံအချက် တစ်ခုအနေဖြင့် အသုံးပြုရမည်ဖြစ်ပါသည်။

District OVOP Secretariat သည် OVOP ဆောင်ရွက်ချက်ကို စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် ပတ်သက်၍ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ကျင်းပရမည်ဖြစ်ပါသည်။ အစည်းအဝေး ရလဒ်ကို District OVOP Committee နှင့် နှစ်ကြိမ်ကျင်းပရမည်ဖြစ်ပါသည်။ အစည်းအဝေးရလဒ်ကို District OVOP Committee နှင့် Province/National Committee တို့မှ ဆွေးနွေးရမည်ဖြစ်ပါသည်။ Province OVOP Secretariat ကို OVOP ဆောင်ရွက်ချက် အကဲဖြတ်အစည်းအဝေးကို District OVOP Secretarial နှင့် OVOP ဆောင်ရွက်ချက် အကဲဖြတ် အစည်းအဝေးကို District OVOP Secretarial နှင့် Provinc Level တွင် အခြားဆက်စပ်နေသော stakehokders များနှင့် ပူးပေါင်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် စီစဉ်ကျင်းပရမည်ဖြစ်ပါသည်။

အစည်းအဝေးရလဒ်ကို Province OVOP Committee နှင့် National OVOP Secretarial တို့ ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ National OVOP Secretariat သည် OVOP ဆောင်ရွက်ချက် အကဲဖြတ်အစည်းအဝေးကို Province OVOP Secretariat နှင့် National Level (အမျိုးသားအဆင့်/ နိုင်ငံတော်အဆင့်) Stakeholder များနှင့်အတူ တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်ဖြစ်ပါသည်။

